# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ **ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)**


၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက် | ၂၀၂၅ ခုနှစ်၊ ဩဂုတ် ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၄)၊ အမှတ်(၃၁၃)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အစည်းအဝေးကျင်းပ

## နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှာစကားပြောကြား

# ရွေးကောက်ပွဲသည် လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး၊ မသမာမှုကင်းရှင်းသည့် ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်သွားရမည်

**နေပြည်တော် ဩဂုတ် ၁၂**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောကော်မရှင်အဖွဲ့ဝင်၊ အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊

*စာမျက်နှာ ၃ ကော်လံ ၁* ❑




❖ **မဲမသမာမှု မရှိစေရေးအတွက်လည်း မြန်မာအီလက်ထရောနစ်မဲပေးစက်များကို ငွေကြေးအကုန်အကျခံ၍ ဆောင်ရွက်ထားခြင်းဖြစ်ပြီး မည်ကဲ့သို့သော မသမာမှုမျိုးမျှ ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း၊ ရွေးကောက်ပွဲတွင်ပါဝင်မည့် နိုင်ငံရေးပါတီဝင်များ၊ ကိုယ်စားလှယ်လောင်းများအနေဖြင့် မဲဆွယ်စည်းရုံးသည့်ကာလမှ မဲပေးသည့်ကာလအထိ လုံခြုံစွာဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ရေး လိုအပ်သည့်ကာကွယ်ပေးမှုများကိုလည်း ဆောင်ရွက်ပေးသွားရမည်**

❏ *ရှေ့ဖုံးမှ*

ဦးသန်းဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဗိုလ်ချုပ်ကြီး ကျော်စွာလင်းတို့ တက်ရောက်ကြသည်။

**အောင်မြင်အောင်ဆောင်ရွက်**

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် အေးချမ်းသာယာရေး၊ **ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးတို့အတွက် လိုအပ်သည့် လမ်းညွှန်မှုများပြုလုပ်နိုင်ရန်နှင့် ထိရောက်စွာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ခြင်းဖြစ်**ကြောင်း၊ မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ရွေးကောက်ပွဲကျင်းပပြီးစီးချိန်တွင် လွှတ်တော်ခေါ်ယူ၍ ထွက်ပေါ်လာသည့် အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နိုင်အောင်ဆောင်ရွက်ပေးရေးပင်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကို မဖြစ်ဖြစ်အောင်ဆောင်ရွက်ပေးသွားရမည်ဖြစ်ပြီး မဲစာရင်းများမှန်ကန်မှုရှိစေရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများတွင်ပါဝင်သည့် ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူခြင်းကိုလည်း အတိုင်းအတာတစ်ခုအထိ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲကော်မရှင်ကို အသစ်ပြန်လည်ဖွဲ့စည်းဆောင်ရွက်သကဲ့သို့ မဲဆန္ဒနယ်များအလိုက် အချက်အလက်များ ကောက်ယူခြင်းနှင့် နယ်မြေများအလိုက် လုံခြုံရေးဆိုင်ရာ အချက်အလက်များရယူခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း။

**ဥပဒေနှင့်ညီညွတ်ရန်အရေးကြီး**

ရွေးကောက်ပွဲကျင်းပပြုလုပ်ခြင်းသည် လွှတ်တော်အသီးသီးကို ခေါ်ယူဖွဲ့စည်းနိုင်ရန်ဖြစ်ကြောင်း၊ လွှတ်တော်မှနေ၍ သမ္မတ၊ ဒုတိယသမ္မတ၊ အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများ၊ သမ္မတမှ တာဝန်ပေးအပ်သည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများတွင် တာဝန်ပေးအပ်ပြီး အစိုးရအဖွဲ့တာဝန်ပေးအပ်နိုင်အောင် ဆောင်ရွက်ရခြင်း ဖြစ်သည့်အတွက် ရွေးကောက်ပွဲအထမြောက်ရန်နှင့် ဥပဒေနှင့်ညီညွတ်ရန် အရေးကြီးကြောင်း။

ရွေးကောက်ပွဲဥပဒေတွင် ဆန္ဒမဲပေးသူ မည်သည့်ရာခိုင်နှုန်းရှိမှ ရွေးကောက်ပွဲ အောင်မြင်မည်ဟု သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိကြောင်း၊ အခြားနိုင်ငံများတွင်လည်း ထိုသို့သတ်မှတ်ထားခြင်းမရှိဟု လေ့လာသိရှိရကြောင်း၊ ၅၀ ရာခိုင်နှုန်းနှင့်အထက် ဆန္ဒမဲပေးနိုင်မည်ဆိုပါက လူထုအများစု၏ ဆန္ဒပါဝင်သည်ဟု သတ်မှတ်နိုင်မည်ဖြစ်ကြောင်း၊ သိက္ခာရှိသည့်ရွေးကောက်ပွဲ၊ အောင်မြင်သည့်ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာ၌ ရွေးကောက်ပွဲကျင်းပရာတွင် ၅၀ ရာခိုင်နှုန်းအောက် မဲပေးခဲ့သည့် နိုင်ငံများလည်းရှိသကဲ့သို့ အများစုမှာ ၅၀ ရာခိုင်နှုန်းအထက် ဆန္ဒမဲပေးကြသည်ကို လေ့လာတွေ့ရှိရကြောင်း။

လွှတ်တော်အစည်းအဝေး အထမြောက်ရန်အတွက် လိုအပ်သည့်ကိုယ်စားလှယ်များရရှိရေးနှင့် ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၈၅)တွင် ပထမဆုံး လွှတ်တော်အစည်းအဝေးကျင်းပရာ၌ လွှတ်တော်တက်ရောက်ခွင့်ရှိသူ ကိုယ်စားလှယ်ဦးရေ၏ ထက်ဝက်ကျော်တက်ရောက်ပါက အစည်းအဝေးအထမြောက်မည်ဟုဖော်ပြပါရှိကြောင်း၊ အထမမြောက်ပါက ဒုတိယအကြိမ်အစည်းအဝေး၌ လွှတ်တော်တက်ရောက်ခွင့်ရှိသူ ကိုယ်စားလှယ်များအနက် အနည်းဆုံး သုံးပုံတစ်ပုံတက်ရောက်ပါက ဒုတိယအကြိမ် အစည်းအဝေးအထမြောက်သည်ဟု ဖော်ပြပါရှိကြောင်း၊ ထို့ကြောင့် လွှတ်တော်အစည်းအဝေးကျင်းပချိန်တွင် အနည်းဆုံးလွှတ်တော်ကိုယ်စားလှယ် ၅၀ ရာခိုင်နှုန်း တက်ရောက်နိုင်ရေး မိမိတို့အနေဖြင့် ရွေးကောက်ပွဲဆောင်ရွက်နိုင်သည့် မြို့နယ်များအားလုံး၌ ရွေးကောက်ပွဲကျင်းပနိုင်ရေး ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ မဲပေးခွင့်ရှိသူ ပြည်သူများအားလုံး ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်သကဲ့သို့ သဘာဝဘေးအန္တရာယ်ကြောင့် ရွှေ့ပြောင်းနေထိုင်နေရသည့် မဲဆန္ဒရှင်များလည်း ကြိုတင်မဲများဖြင့် ဆန္ဒမဲများပေးအပ်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဘေးအန္တရာယ်ကင်းရှင်းသည့်နေရာတွင် ရောက်ရှိနေသည့် ဆန္ဒမဲပေးခွင့်ရှိသူများအားလုံး မဲပေးခွင့်များမဆုံးရှုံးအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

**စိစစ်ကြပ်မတ်သွားရန်လို**

ရွေးကောက်ပွဲကျင်းပချိန်တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများကိုလည်း မဲစည်းရုံးခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပါတီရုံးဖွင့်ခွင့်များရရှိရေး၊ ပါတီဝင်ခွင့်ရှိသူများ ပါတီဝင်ခွင့်ရရှိရေး ဆောင်ရွက်ပေးရန်လိုသကဲ့သို့ ပါတီ ၂ ပါတီ၊ ၃ ပါတီထပ်၍ ပါတီဝင်များ ဖောင်းပွမှုမရှိစေရေးအတွက်လည်း သက်ဆိုင်ရာအဖွဲ့အစည်းများက စိစစ်ကြပ်မတ်သွားရန်လိုကြောင်း။

လွှတ်တော်ကိုယ်စားလှယ်လောင်း အရည်အချင်းသတ်မှတ်ချက်များနှင့်ပတ်သက်၍လည်း စနစ်တကျ စိစစ်ကြပ်မတ် ဆောင်ရွက်သွားရန်လိုကြောင်း၊ ကိုယ်စားလှယ်လောင်းများအနေဖြင့် မဲဆွယ်စည်းရုံးခြင်းများဆောင်ရွက်ချိန်တွင် ၎င်းတို့၏ လုံခြုံရေးအတွက် မိမိတို့အနေဖြင့် စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း သက်ဆိုင်ရာမြို့နယ်များအလိုက် ဆန္ဒမဲပေးနိုင်ရေး လုံခြုံရေးအရ အာမခံချက်ရှိအောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ရွေးကောက်ပွဲဖြစ်မြောက်မှုမရှိစေရေး ပြည်တွင်း၊ ပြည်ပမှ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်လာမည့်သူများ၊ အဖွဲ့အစည်းများလည်း ရှိနိုင်မည်ဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် ရွေးကောက်ပွဲအောင်မြင်မှုမရှိစေရေး နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်လာနိုင်ကြောင်း၊ အလားတူ ပြည်ပနိုင်ငံများအနေဖြင့်လည်း မိမိတို့နိုင်ငံ၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပပြုလုပ်မည့်အပေါ် ထောက်ခံအားပေးသည့်၊ အပြုသဘောဆောင်သည့် နိုင်ငံများရှိသကဲ့သို့ ရွေးကောက်ပွဲအပေါ် စောဒကတက်သည့်နိုင်ငံများလည်း ရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျင်းပမည့်ရွေးကောက်ပွဲသည် လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး၊ မသမာမှုကင်းရှင်းသည့်ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မဲမသမာမှု မရှိစေရေးအတွက်လည်း မြန်မာအီလက်ထရောနစ်မဲပေးစက်များကို ငွေကြေးအကုန်အကျခံ၍ ဆောင်ရွက်ထားခြင်းဖြစ်ပြီး မည်ကဲ့သို့သော မသမာမှုမျိုးမျှ ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း၊ ရွေးကောက်ပွဲတွင်ပါဝင်မည့် နိုင်ငံရေးပါတီဝင်များ၊ ကိုယ်စားလှယ်လောင်းများအနေဖြင့် မဲဆွယ်စည်းရုံးသည့်ကာလမှ မဲပေးသည့်ကာလအထိ လုံခြုံစွာဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ရေး လိုအပ်သည့်ကာကွယ်ပေးမှုများကိုလည်း ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း။

**သုတေသနပြုလုပ်အဖြေရှာ**

နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူလူထုတို့အား ဒလန်ဟုစွပ်စွဲ၍ သတ်ဖြတ်နေမှုများနှင့်ပတ်သက်၍လည်း ရွေးကောက်ပွဲကာလတွင် ပိုမိုဖြစ်ပေါ်လာနိုင်သဖြင့် ထိရောက်သည့်ဟန့်တားကာကွယ်မှုများ ဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ လုပ်ဆောင်ကျူးလွန်သူများကိုလည်း ဝိုင်းဝန်းပူးပေါင်းဖော်ထုတ်ရမည်ဖြစ်ပြီး တရားစီရင်ရေးကဏ္ဍအနေဖြင့်လည်း အမြန်ဆုံး တရားစီရင်နိုင်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ သာမန်အမှုအခင်းမျိုးမဟုတ်ဘဲ နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူလူထုများ၏ လုံခြုံရေးကို ထိခိုက်စေမည့် ကျူးလွန်မှုဖြစ်သဖြင့် ထိရောက်သည့် တရားစီရင်မှုများဖြင့် အမြန်ဆုံး တရားစီရင်နိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း။

ကျောင်းများ ဖွင့်လှစ်သင်ကြားပေးနိုင်မှုနှင့်ပတ်သက်၍ လက်ရှိအချိန်အထိ စာရင်းများအရ တစ်နိုင်ငံလုံးတွင် လက်ရှိကျောင်းတက်ရောက်နေသူ ဦးရေ ၇ သန်းကျော်ခန့်ရှိသည်ဟုသိရှိရကြောင်း၊ ယခင်နှစ်က ဖွင့်လှစ်သင်ကြားခဲ့သည့် စာသင်ကျောင်းများအနက် ယခုနှစ်တွင် မဖွင့်လှစ်နိုင်သည့် ကျောင်းများရှိသကဲ့သို့ ယခင်နှစ်တွင် ဖွင့်လှစ်နိုင်မှုမရှိခဲ့သည့် ကျောင်းများအနေဖြင့် ယခုနှစ်တွင် ဖွင့်လှစ်နိုင်သည်များလည်းရှိကြောင်း၊ မိမိတို့အနေဖြင့် လက်ရှိဖွင့်လှစ်သင်ကြားနေသည့် ကျောင်းများအား သဘာဝဘေးအန္တရာယ်ကြောင့် မဖြစ်မနေပိတ်ရသည်မှအပ ကျောင်းပိတ်ရခြင်းများမရှိစေရေး အလေးထားအားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ **“နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့”**ဟူသည့်အတိုင်း ပညာရေးသည် နိုင်ငံအတွက် အလွန်အရေးကြီးကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ ၂၀၂၄-၂၀၂၅ ခုနှစ်၊ ၂၀၂၅-၂၀၂၆ ခုနှစ် စာရင်းဇယားများကို ကြည့်ရှုခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးအနေဖြင့် ကျောင်းတက်ရောက်သူဦးရေမပြည့်မီခြင်း၊ တန်းစဉ်ကူးပြောင်းမှုအားနည်းခြင်းများကို တွေ့မြင်ရကြောင်း၊ သို့ဖြစ်၍ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ပညာရေးအားနည်းလာမှုအပေါ် သုတေသနပြုလုပ်အဖြေရှာသွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ မိမိတို့ကော်မရှင်အနေဖြင့်လည်း ပညာရေးအားကောင်းလာစေရန် အထူးအလေးပေး ဆောင်ရွက်သွားရန်လိုအပ်မည်ဟု ပြောကြားလိုကြောင်း။

**တရားဥပဒေစိုးမိုးရေးကို ဖော်ဆောင်ရမည်**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးနှင့်ပတ်သက်၍ လတ်တလောကာလအတွင်း နယ်စပ်ဒေသများတွင် တရားမဝင်ကုန်သွယ်မှုများ ဖမ်းဆီးရမိမှုများရှိကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကို တိုက်ဖျက်တားဆီးခြင်းဖြင့် တရားဥပဒေစိုးမိုးရေးကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်သကဲ့သို့ လက်နက်ကိုင်အကြမ်းဖက်မှုများကိုလည်း လျော့ကျလာစေနိုင်မည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသများရှိ လက်နက်ကိုင်အကြမ်းဖက်သမားများအနေဖြင့် တရားမဝင်ကုန်သွယ်မှုများမှ ကောက်ခံရရှိနေသည့် ဆက်ကြေးများဖြင့် ၎င်းတို့အင်အားကို ပိုမိုတည်ဆောက်လာမည်ဖြစ်ပြီး နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်လာစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တရားမဝင်ကုန်သွယ်မှုများကို ထိထိရောက်ရောက်တိုက်ဖျက်ခြင်းဖြင့် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးကို ဖော်ဆောင်ရမည်ဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှု ဆောင်ရွက်နေမှုများကို ဖော်ထုတ်တားဆီးရန် တာဝန်ရှိသူများအနေဖြင့်လည်း စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပြီး နိုင်ငံတော်အပေါ် သစ္စာရှိစွာဖြင့် တာဝန်ကိုကျေပွန်အောင် ထမ်းဆောင်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏သမိုင်းကြောင်းကိုပြန်ကြည့်မည်ဆိုပါကလည်း တရားမဝင်ကုန်သွယ်မှုလမ်းကြောင်းများကြောင့် နိုင်ငံတော်၏ စီးပွားရေးပျက်ခဲ့ရသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ရှိ အဖိုးတန်သယံဇာတများကို မှောင်ခိုလမ်းကြောင်းများမှ ခိုးထုတ်ပြီး တရားမဝင်ကုန်စည်များကို ခိုးသွင်းခြင်းများ ဆောင်ရွက်ခဲ့ကြသဖြင့် စီးပွားရေးအားကောင်းလာမှုမရှိခြင်းဖြစ်ကြောင်း၊ **“နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့”** ဟူသည့် ဆောင်ပုဒ်နှင့်အညီ ကုန်ထုတ်လုပ်မှုရှိမှသာလျှင် နိုင်ငံ့စီးပွားရေးသည်လည်း အစဉ်အားကောင်းနေနိုင်မည်ဖြစ်သဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

**သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြ**

ထို့နောက် ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ်က တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မြို့နယ်များ၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား အပိုင်းလိုက်ကျင်းပနိုင်မည့် အခြေအနေသုံးသပ်ချက်၊ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များ ဖြန့်ခွဲအသုံးပြုနိုင်မှု၊ လုံခြုံရေးပိုင်းဆိုင်ရာ ဆောင်ရွက်ရမည့် အခြေအနေများနှင့်ပတ်သက်၍လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကနှစ်အလိုက် လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးဆိုင်ရာ နှိုင်းယှဉ်ချက်များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်မှု နှိမ်နင်းရေးအဖွဲ့များဖွဲ့စည်းထားရှိမှု၊ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုံခြုံရေးတိုးမြှင့်ဆောင်ရွက်သွားမည့် အစီအမံများကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) က တိုင်းစစ်ဌာနချုပ်များနှင့် နယ်မြေအလိုက် စစ်ဆင်ရေးနှင့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ မြို့နယ်များအလိုက် ရွေးကောက်ပွဲများ ပိုမိုတိုးချဲ့ကျင်းပနိုင်ရေး နယ်မြေစိုးမိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြည်ပမဲဆန္ဒရှင်

*စာမျက်နှာ ၄ သို့*

❖ **ရွေးကောက်ပွဲကျင်းပချိန်တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများကိုလည်း မဲစည်းရုံးခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ပေးရမည်**

❖ **ပါတီရုံးဖွင့်ခွင့်များရရှိရေး၊ ပါတီဝင်ခွင့်ရှိသူများ ပါတီဝင်ခွင့်ရရှိရေး ဆောင်ရွက်ပေးရန်လိုသကဲ့သို့ ပါတီ ၂ ပါတီ၊ ၃ ပါတီထပ်၍ ပါတီဝင်များ ဖောင်းပွမှုမရှိစေရေးအတွက်လည်း သက်ဆိုင်ရာအဖွဲ့အစည်းများက စိစစ်ကြပ်မတ်သွားရန်လို**

❖ **လွှတ်တော်ကိုယ်စားလှယ်လောင်း အရည်အချင်းသတ်မှတ်ချက်များနှင့် ပတ်သက်၍လည်း စနစ်တကျ စိစစ်ကြပ်မတ်ဆောင်ရွက်သွားရန်လို**

❖ **မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ အွန်လိုင်းငွေကြေးလိမ်လည်မှုတိုက်ဖျက်ရေး၊ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးတို့နှင့်ပတ်သက်၍ မိမိတို့အနေဖြင့် အလေးထား ကိုင်တွယ်ဆောင်ရွက်သွားရမည်**

❖ **မိမိတို့ကော်မရှင်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် အေးချမ်းသာယာရေး၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သည့်လမ်းညွှန်မှုများပြုနိုင်ရန်၊ ထိရောက်စွာပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန် ဖွဲ့စည်းထားခြင်းဖြစ်**

*စာမျက်နှာ ၃ မှ*

များအတွက် ကြိုတင်မဲပေးနိုင်ရေး ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ရွေးကောက်ပွဲဆိုင်ရာ လေ့လာဆန်းစစ်ချက်များအရ ကုလသမဂ္ဂအဖွဲ့ဝင် ကမ္ဘာ့နိုင်ငံပေါင်း ၁၉၃ နိုင်ငံတွင် ကြိုတင်မဲပေးခွင့်ပြဋ္ဌာန်းချက်မရှိသည့်နိုင်ငံ ၁၂၃ နိုင်ငံရှိပြီး နိုင်ငံပေါင်း ၇၀ တွင် ကြိုတင်မဲပေးခြင်းစနစ် လက်ခံကျင့်သုံးလျက်ရှိမှု၊ ထိုနိုင်ငံ ၇၀ အနက် ၅၄ နိုင်ငံတွင် ပြည်တွင်းနှင့်ပြည်ပ ကြိုတင်မဲနှစ်မျိုးလုံးခွင့်ပြုပြီး ၁၆ နိုင်ငံတွင် ပြည်တွင်း ကြိုတင်မဲသာခွင့်ပြုထားမှု၊ ထိုသို့ကြိုတင်မဲပေးခွင့်ပြုရာတွင်လည်း နိုင်ငံ ၁၅ နိုင်ငံကသာ မဲဆန္ဒရှင်များအားလုံးကို လွတ်လပ်စွာ ကြိုတင်မဲပေးခွင့်ပြုထားပြီး ကျန်နိုင်ငံ ၅၅ နိုင်ငံတွင် ကြိုတင်မဲပေးခွင့်ရှိသူမဲဆန္ဒရှင်အမျိုးအစားများကို သီးခြားသတ်မှတ်ထားမှုများနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌက တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၊ EAO များ၏ လှုပ်ရှားမှုများ၊ တပ်မတော်အနေဖြင့် စစ်ဆင်ရေးနှင့်လုံခြုံရေးဆိုင်ရာများတွင် တိုးတက်မှုများရရှိအောင် ဆောင်ရွက်နိုင်မှုများ၊ မူးယစ်ဆေးဝါးနှင့် တရားမဝင်မှောင်ခိုလုပ်ငန်းများ၊ တရားမဝင်လုပ်ငန်းများ နှိမ်နင်းရေး ဆောင်ရွက်မှုများကို တပ်မတော်နှင့် ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့၊ ပြည်သူ့စစ်အဖွဲ့များပူးပေါင်း၍ ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**အထွေထွေဆွေးနွေး**

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အစိုးရအဖွဲ့ဝန်ကြီးဌာနများ၏ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများ၊ ပညာရည်မြှင့်တင်ရေးဆောင်ရွက်သွားမည့် အခြေအနေများ၊ ကော်မရှင်အဖွဲ့ဝင်၊ အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) များပို့ဆောင်နေမှုအခြေအနေများ၊ ရွေးကောက်ပွဲနည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များ အသုံးပြုမှုနှင့်ပတ်သက်၍ ပြည်သူများသိရှိနားလည်စေရေး မီဒီယာများမှ အသိပညာပေးလျက်ရှိမှု၊ ဆန္ဒမဲပေးခွင့်ရှိသည့် ပြည်သူများအားလုံး ဆန္ဒမဲပေးကြစေရေး၊ ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပဆောင်ရွက်နိုင်မှသာ ပြည်သူများ လိုလားတောင့်တလျက်ရှိသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်မာစွာဖြင့် ဆက်လက်လျှောက်လှမ်းနိုင်မည့်အခြေအနေများအား အများပြည်သူသိရှိအောင် ဆောင်ရွက်သွားရန်လိုအပ်မှုအခြေအနေများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ဖြည့်စွက်မှာကြား**

တင်ပြမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက ရွေးကောက်ပွဲကျင်းပနိုင်မည့် မြို့နယ်များ ပိုမိုတိုးတက်ရရှိရေး ဆောင်ရွက်ရမည့်စစ်ဆင်ရေး၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ ရွေးကောက်ပွဲအား အပိုင်းလိုက် ကျင်းပပြုလုပ်သွားမည့်အခြေအနေများနှင့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များ အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ထားမှု၊ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံရေးပါတီများ၏ လူပုဂ္ဂိုလ်လုံခြုံရေး၊ ပါတီရုံးများလုံခြုံရေး၊ ရပ်ကွက်အလိုက် လုံခြုံရေး တိုးမြှင့်ဆောင်ရွက်ရန်ကိစ္စရပ်များ၊ အရည်အချင်းရှိသည့် ရဲတပ်ဖွဲ့ဝင်များဖြစ်စေရေး ဆောင်ရွက်သွားရန်ကိစ္စရပ်များ၊ တပ်မတော်အနေဖြင့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး မီဒီယာများမှစည်းရုံးလှုံ့ဆော်ခြင်းနှင့် ပညာပေးမှုများဆောင်ရွက်သွားရမည့်အခြေအနေများ၊ ဒီမိုကရေစီစနစ်ကို လိုလားသူများအနေဖြင့် ရွေးကောက်ပွဲဖြစ်မြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး အားပေးထောက်ခံမှုများကို မြှင့်တင်ဆောင်ရွက်ပေးသွားရမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ဖြည့်စွက်မှာကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အဓိကဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားသူများနှင့် အဖွဲ့အစည်းများအနေဖြင့် ရွေးကောက်ပွဲအောင်မြင်မှုမရှိစေရေး အဖျက်အမှောင့်လုပ်ရပ်များကို လုပ်ဆောင်လာနိုင်မည်ဖြစ်သကဲ့သို့ ထိုးနှက်မှုများကိုလည်း လုပ်ဆောင်လာနိုင်ကြောင်း၊ မူးယစ်ဆေးဝါး၊ အွန်လိုင်းလောင်းကစားမှု စသည်တို့ဖြင့် တစ်ဖက်လှည့်ထိုးနှက်မှုများ လုပ်ဆောင်လာနိုင်ပြီး နိုင်ငံ၏လုံခြုံရေး၊ ဒေသတွင်းလုံခြုံရေးကို ထိခိုက်စေနိုင်သည့်အသွင်ဖြင့် ပုံဖော်လုပ်ဆောင်လာနိုင်ကြောင်း၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို မိမိတို့အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိသကဲ့သို့ ယခုထက်ပိုမို၍ ထိထိရောက်ရောက် တိုက်ဖျက်ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း။

အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် ပတ်သက်၍လည်း ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းနိုင်ရန်လိုကြောင်း၊ ပိုက်စိပ်တိုက် သတင်းရယူဖော်ထုတ်၍ တရားဥပဒေနှင့်အညီ နှိမ်နင်းသွားရမည်ဖြစ်ကြောင်း၊ လုံခြုံရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မြေပြင်အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူများနှင့် အတူတကွပူးပေါင်း၍ ထိထိရောက်ရောက် ဖော်ထုတ်အရေးယူသွားရမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ အွန်လိုင်းငွေကြေးလိမ်လည်မှုတိုက်ဖျက်ရေး၊ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးတို့နှင့်ပတ်သက်၍ မိမိတို့အနေဖြင့် အလေးထား ကိုင်တွယ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

မိမိတို့ကော်မရှင်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် အေးချမ်းသာယာရေး၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သည့်လမ်းညွှန်မှုများပြုနိုင်ရန်၊ ထိရောက်စွာပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ကော်မရှင်အဖွဲ့ဝင်များအားလုံးအနေဖြင့် လုပ်ငန်းရပ်များအားလုံး အောင်မြင်စေရေးနှင့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အားလုံးမှ အစဉ်တစိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❖ **မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အဓိကဆောင်ရွက်သွားရမည်၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားသူများနှင့် အဖွဲ့အစည်းများအနေဖြင့် ရွေးကောက်ပွဲအောင်မြင်မှုမရှိစေရေး အဖျက်အမှောင့်လုပ်ရပ်များကို လုပ်ဆောင်လာနိုင်မည်ဖြစ်သကဲ့သို့ ထိုးနှက်မှုများကိုလည်း လုပ်ဆောင်လာနိုင်**

❖ **မူးယစ်ဆေးဝါး၊ အွန်လိုင်းလောင်းကစားမှု စသည်တို့ဖြင့် တစ်ဖက်လှည့်ထိုးနှက်မှုများ လုပ်ဆောင်လာနိုင်ပြီး နိုင်ငံ၏လုံခြုံရေး၊ ဒေသတွင်းလုံခြုံရေးကို ထိခိုက်စေနိုင်သည့်အသွင်ဖြင့် ပုံဖော်လုပ်ဆောင်လာနိုင်၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို မိမိတို့အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိသကဲ့သို့ ယခုထက်ပိုမို၍ ထိထိရောက်ရောက် တိုက်ဖျက်ဆောင်ရွက်သွားနိုင်ရန်လို**

## မုံရွာမြို့၌ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

မုံရွာ ဩဂုတ် ၁၂

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မုံရွာမြို့ ချင်းတွင်းခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများ၊ မုံရွာမြို့ပေါ်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အတွက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သည့်သဝဏ်လွှာကို ဖတ်ကြားကာ မုံရွာမြို့ပေါ်ရှိတက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ကျောင်းသား လူငယ်များနှင့် “ရောင်ခြည်သစ်” မျက်မမြင်ကျောင်းမှ မသန်စွမ်းသူတစ်ဦးတို့က တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် စကားရည်လုပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများ၊ သီဆိုဖျော်ဖြေခဲ့ကြသူများနှင့် လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့သူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် စကားရည်လုပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် အဖွဲ့နှစ်ဖွဲ့၏ ပြန်လည်တင်ဆက်မှု၊ လူငယ်လှုပ်ရှားမှု Video Clip နှင့် ခင်းကျင်းပြသထားသည့် ဝန်ကြီးဌာနဆိုင်ရာ ပြခန်းများကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၃)နှစ်အောက် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အမျိုးသားတံခွန်စိုက်ဆုရရှိခဲ့သည့်အသင်းအား ဂုဏ်ပြုချီးမြှင့်ခြင်းပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး အားကစားသမားများထံ ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၅၀ နှင့် အသင်းအုပ်ချုပ်သူနှင့် နည်းပြထံ ငွေကျပ် ၁၀ သိန်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း အိန္ဒိယသမ္မတနိုင်ငံ၏ (၇၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ယဉ်ကျေးမှုဖျော်ဖြေပွဲနှင့် ညှော်ခံပွဲအခမ်းအနား တက်ရောက်

ရန်ကုန် ဩဂုတ် ၁၂

**အိန္ဒိယသမ္မတနိုင်ငံ၏ (၇၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ယဉ်ကျေးမှုဖျော်ဖြေပွဲနှင့် ညှော်ခံပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ မြဝတီမီဒီယာစင်တာ၌ ကျင်းပရာ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းနှင့် ဇနီးတို့ တက်ရောက်ကြသည်။**

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Abhay Thakur နှင့် ဇနီး၊ တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းနှင့် ဇနီး၊ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။




ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့် ဇနီးတို့က မင်္ဂလာဆီမီးထွန်းညှိပြီး အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် အိန္ဒိယနိုင်ငံ သံအမတ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက အိန္ဒိယသမ္မတနိုင်ငံ၏ (၇၉) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုစကားပြောကြားသည်။

ဆက်လက်၍ အိန္ဒိယနိုင်ငံ ယဉ်ကျေးမှုအဖွဲ့က ရိုးရာယဉ်ကျေးမှုအကများဖြင့် ကပြဖျော်ဖြေကြရာ အခမ်းအနားသို့ တက်ရောက် လာကြသူများက ကြည့်ရှုအားပေးကြပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ ဒုတိယသံအမတ်ကြီးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် အိန္ဒိယနိုင်ငံ ယဉ်ကျေးမှုအဖွဲ့အား ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး(ဝဲပုံ)၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့် ဇနီးတို့က ဂုဏ်ပြုပန်းခြင်းပေးအပ်ကြသည်။

ယင်းနောက် အိန္ဒိယသမ္မတနိုင်ငံ၏ (၇၉) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ယဉ်ကျေးမှုဖျော်ဖြေပွဲနှင့် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် ဇနီးတို့က ညစာဖြင့် တည်ခင်းဧည့်ခံကြသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂဆိုင်ရာဌာနေကိုယ်စားလှယ်များ၊ အိန္ဒိယနွယ်ဖွားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

## မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း) ပြဋ္ဌာန်းနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၁၂**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ(မူကြမ်း) ပြဋ္ဌာန်းနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်၊ ဥပဒေမူကြမ်းစိစစ်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကြည်ကြည်သန်းအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးက အဖွင့်အမှာစကားပြောကြားပြီး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်ကျော်ကျော် **(ယာပုံ)** က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)ပြဋ္ဌာန်းနိုင်ရေးနှင့် စပ်လျဉ်း၍ ဥပဒေ (မူကြမ်း) ရေးဆွဲရခြင်းအပေါ် ရှင်းလင်းတင်ပြဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ (မူကြမ်း)အား ပြင်ဆင်နိုင်ရေး အပြီးသတ်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## MSME အသင်းသားများ၏ တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်

**နေပြည်တော် ဩဂုတ် ၁၂**

နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ MSME Association အသင်းသူ အသင်းသားများ၏ သားသမီးများမှ Grade-12 အောင်မြင် / ဂုဏ်ထူးဖြင့် အောင်မြင်သူ ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ဇမ္ဗူသီရိမြို့နယ်၌ ကျင်းပသည်။



အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက အမှာစကားပြောကြားပြီး နေပြည်တော် MSME Association နာယက ဦးကျော်စွာဝင်းက နှုတ်ခွန်းဆက် စကားပြောကြားကာ အသင်းဥက္ကဋ္ဌ ဦးသူရိန်က အသင်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြ၍ အသင်းသားတစ်ဦးက ပညာရေး၏ အရေးပါပုံနှင့် အသင်းမှရရှိနိုင်သော အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ MSME Association အသင်းသူ အသင်းသားများ၏ တက္ကသိုလ်ဝင်တန်း အောင်မြင်ကြသည့် ကျောင်းသားကျောင်းသူများအား နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြပြီး ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**အောင်သူရဦး(ပြန်/ဆက်)**

## Naypyitaw State Academy ဘာသာရပ်ပေါင်းစုံ စစ်တုရင်ပြိုင်ပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၁၂**

Naypyitaw State Academy အားကစားနှင့် ကာယပညာ ကော်မတီက ကြီးမှူး၍ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ စစ်တုရင်ပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းတွင် Naypyitaw State Academy အားကစားခန်းမ၌ ကျင်းပရာ Naypyitaw State Academy ခေတ္တပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဘာသာရပ် ဌာနအသီးသီးမှ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက် အားပေးကြသည်။



ပြိုင်ပွဲတွင် ဒုတိယပါမောက္ခချုပ် ဒေါက်တာစိုးစိုးအောင်က အဖွင့်အမှာစကား ပြောကြားကာ စစ်တုရင်ပြိုင်ပွဲ အမျိုးသားပွဲစဉ်နှင့် အမျိုးသမီးပွဲစဉ်များကို ဆွစ်စနစ်ဖြင့် ပတ်လည်ယှဉ်ပြိုင် ကစားကြပြီး မွန်းလွဲပိုင်းတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပ၍ ခေတ္တပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်တို့က အမျိုးသားပွဲစဉ်နှင့် အမျိုးသမီးပွဲစဉ်များတွင် ဆုရရှိခဲ့ကြသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်နိုင်

**နေပြည်တော် ဩဂုတ် ၁၂**

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

**❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အရှေ့တောင်အာရှဆိုင်ရာ ရုရှားအော်သိုဒေါ့ ခရစ်ယာန်အသင်းတော်၏ မြန်မာနိုင်ငံဆိုင်ရာ အသင်းတော်စည်းမျဉ်း လက်မှတ်ရေးထိုးမှတ်တမ်းတင်ခြင်းအခမ်းအနား ကျင်းပ

ရန်ကုန် ဩဂုတ် ၁၂

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက အရှေ့တောင်အာရှဆိုင်ရာ ရုရှားအော်သိုဒေါ့ ခရစ်ယာန်အသင်းတော်၏ မြန်မာနိုင်ငံဆိုင်ရာ အသင်းတော်စည်းမျဉ်းများကို လက်မှတ်ရေးထိုးမှတ်တမ်းတင်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ရှိ Summit Parkview Hotel ၌ ကျင်းပသည်။**

အခမ်းအနားသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး H.E. Mr. Iskander AZIZOV၊ အရှေ့တောင်အာရှနှင့် စင်ကာပူနိုင်ငံဆိုင်ရာ ရုရှားအော်သိုဒေါ့ ဘုန်းတော်ကြီး His Eminence SERGIY၊ ရုရှားကိုယ်စားလှယ်အဖွဲ့၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား သာသနာရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှုအနေဖြင့် သာသနာရေးလုပ်ငန်း ဆောင်ရွက်ခွင့်ပြုခြင်းဆိုင်ရာ သဘောတူစာချုပ် (Letter of Agreement on granting permission to carry out religious work)အား ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် နေပြည်တော် MGallery Hotel ၌ လက်မှတ်ရေးထိုးခဲ့ပြီး




ဖြစ်ကြောင်း။

ရုရှားအော်သိုဒေါ့အသင်းတော်အတွက် အသင်းအဖွဲ့ရုံးနှင့် ဘာသာရေးအဆောက်အအုံ ဆောက်လုပ်ခြင်း၊ ရန်ပုံငွေထူထောင်ခြင်း၊ ဘဏ်ငွေစာရင်းဖွင့်လှစ်ခြင်း၊ အသင်းတော်၏ ရည်ရွယ်ချက်နှင့်အညီ နိုင်ငံတော်အတွင်း ဘာသာရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်ခြင်းများကို ဥပဒေနှင့်အညီ လျှောက်ထားရယူရာတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက လိုအပ်သည့် အကူအညီများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယနေ့ ရုရှားအော်သိုဒေါ့အသင်းတော်စည်းမျဉ်း လက်မှတ်ရေးထိုးမှတ်တမ်းတင်ခြင်း အခမ်းအနားမှတစ်ဆင့် နှစ်နိုင်ငံအကြား ဘာသာရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာပါစေ၊ ချစ်ကြည်ရင်းနှီးမှုများ ရေရှည်တည်တံ့ပါစေ၊ အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုများ ပိုမိုတည်တံ့နိုင်ပါစေကြောင်း ပြောကြားသည်။

ထို့နောက် သာသနာရေးလုပ်ငန်းဆောင်ရွက်ခွင့်ပြုခြင်းဆိုင်ရာ သဘောတူစာချုပ်(LOA) အပိုဒ် ၅ ဒသမ ၁ နှင့်အညီ “အရှေ့တောင်အာရှဆိုင်ရာ ရုရှားအော်သိုဒေါ့ခရစ်ယာန်အသင်းတော်၏ မြန်မာနိုင်ငံဆိုင်ရာ အသင်းတော်စည်းမျဉ်း(Statute)” အားမှတ်တမ်းတင်လက်ခံထားရှိကြောင်း သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဘုန်းတော်ကြီး His Eminence SERGIY တို့က လက်မှတ်ရေးထိုးကြသည်။(ဓာတ်ပုံ)

ယင်းနောက် အရှေ့တောင်အာရှနှင့် စင်ကာပူနိုင်ငံဆိုင်ရာ ရုရှားအော်သိုဒေါ့ ဘုန်းတော်ကြီး His Eminence SERGIY က အရှေ့တောင် အာရှဆိုင်ရာ ရုရှားအော်သိုဒေါ့ခရစ်ယာန်အသင်းတော်၏ မြန်မာနိုင်ငံဆိုင်ရာ အသင်းတော် စည်းမျဉ်းအား ရေးဆွဲအတည်ပြုနိုင်ခဲ့မှုအပေါ် ကျေးဇူးတင်စကား ပြောကြားသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် စဉ့်ကိုင်မြို့နယ်ရှိ ဘဲလင်း(၁)နှင့် ဘဲလင်း(၂)ကုန်ထုတ်စခန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၂**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သောအဖွဲ့သည် ကော်မရှင်ဥပဒေ ပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်များနှင့်အညီ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်ရှိ အကျဉ်းဦးစီးဌာန ဘဲလင်း (၁) ကုန်ထုတ်စခန်း၊ ဘဲလင်း (၂) ကုန်ထုတ်စခန်း၊ ကျောက်ဆည်မြို့ရှိ ရွှေစေတီဘိုးဘွားရိပ်သာနှင့် ကျောက်ဆည်မြို့မ ရဲစခန်းအချုပ်ခန်းတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသားများကို စားရိပ်သာနှင့် ဓမ္မာရုံတို့တွင် စုစည်းတွေ့ဆုံကာ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သန့်ရှင်းသော သောက်ရေနှင့်သုံးရေရရှိစေရန် ဆောင်ရွက်ပေးနေမှု၊ မိသားစု လာရောက်တွေ့ဆုံနိုင်မှု၊ လွတ်လပ်စွာယုံကြည် ကိုးကွယ်ခွင့်၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာရရှိမှု၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများရရှိမှု၊ ကျန်းမာရေး ကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှား အားကစားဆောင်ရွက်ပေးမှု၊ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ထားရှိမှု၊ အချိန်ပိုအလုပ်ဆင်းစေမှု ရှိ မရှိ၊ လုပ်ငန်းခွင်အတွင်း ခွဲခြားဆက်ဆံမှု ရှိ မရှိနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ အခြေအနေစသည်တို့ကို မေးမြန်းခဲ့သည်။



ဆက်လက်၍ အကျဉ်းသားများ၏ အိပ်ဆောင်များ၊ ဆေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ထမင်းစားဆောင်၊ ရိက္ခာဂိုဒေါင်၊ ရေသန့်စက်၊ သုံးရေကန်များ၊ အတွင်း/အပြင် မိလ္လာများသန့်ရှင်းမှု ရှိ မရှိ စသည်တို့ကို ကြည့်ရှုစစ်ဆေးပြီး အကျဉ်းသားများ လေ့လာ ဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ် စာအုပ်စာပေများကို ကော်မရှင်မှ လှူဒါန်းသည်။

ယင်းနောက် ကျောက်ဆည်မြို့ရှိရွှေစေတီဘိုးဘွားရိပ်သာအား ဝင်ရောက်ကြည့်ရှု စစ်ဆေးစဉ် ရိပ်သာ၌ လက်ခံစောင့်ရှောက်ပေးလျက်ရှိသော ဘိုးဘွားများအား အိပ်ဆောင်များတွင် သွားရောက်တွေ့ဆုံပြီး ကျန်းမာရေးစောင့်ရှောက်ပေးနေမှု၊ အစားအစာနှင့် အာဟာရ ဖြည့်ဆည်း ကျွေးမွေးမှု၊ သန့်ရှင်းသော သောက်ရေနှင့် သုံးရေ ရရှိစေရန် ဆောင်ရွက်ပေးနေမှု၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်နိုင်မှု၊ ဘိုးဘွားအိပ်ဆောင်များ၊ ရေချိုးခန်း၊ သန့်စင်ခန်း၊ စားဖိုဆောင်များ၊ ကျန်းမာရေးနှင့်ညီညွတ်အောင် ဆောင်ရွက်ထားရှိမှု၊ ဘိုးဘွားများ အနားယူအပန်းဖြေရန် စီစဉ်ဆောင်ရွက်ပေးထားမှုနှင့် အသက် ၈၅ နှစ်ပြည့်ပြီးသော သက်ကြီးအဘိုး၊ အဘွားများအား လှူမှုရေးပင်စင်ထောက်ပံ့ကြေးရရှိရေး ဆောင်ရွက်ပေးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျောက်ဆည်မြို့မ ရဲစခန်းအချုပ်ခန်းအား ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် ရမန်ကာလအခြေအနေ၊ အချုပ်ခန်းများတွင် နေထိုင်စဉ် ကာလအတွင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ၊ မိသားစုနှင့် တွေ့ဆုံနိုင်မှု၊ တရားရုံးတွင် ရုံးထုတ်ချိန် ကာလအတွင်း စားသောက်ရေးစီစဉ်ပေးမှု အခြေအနေ၊ အချုပ်ခန်းများအတွင်း သန့်ရှင်းမှုနှင့် မိလ္လာသုံးစွဲမှုအခြေအနေ၊ တရားရုံးထုတ်စဉ် မိသားစုဝင်များ၊ အကျိုးဆောင်ရှေ့နေများနှင့် တွေ့ဆုံခွင့် ရရှိမှုအခြေအနေတို့အား အချုပ်သား/အချုပ်သူများနှင့် တွေ့ဆုံမေးမြန်းပြီး အချုပ်ခန်းများအား ကြည့်ရှုစစ်ဆေးသည်။

စစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဟိုပုံးမြို့နယ်၌ စပါးရိတ်သိမ်းခြွေလှေ့စက်ဖြင့် နွေစပါးရိတ်သိမ်းနေမှု ကွင်းဆင်းကြည့်ရှု

**ဟိုပုံး ဩဂုတ် ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ကုန်းကျိုင်းကျေးရွာအုပ်စု ဟန်လွဲကျေးရွာတွင် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဩဂုတ် ၁၀ ရက်က စပါးရိတ်သိမ်းခြွေလှေ့စက်ဖြင့် နွေစပါးရိတ်သိမ်းနေမှု အခြေအနေများကို တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများသူများက နွေစပါးရိတ်သိမ်းထားရှိသည့် “ဟန်လွဲ” စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းလီမိတက်မှ နွေစပါးရိတ်သိမ်းထားရှိမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တစ်ဧကလျှင် ၁၁၄ တင်းထွက်ရှိကြောင်း သိရသည်။

ထို့အတူ အသင်းမှ လိုအပ်သည့် ငွေကြေးအရင်းအနှီးနှင့် ဈေးကွက်ပိုမိုရရှိစေရေးအတွက် သက်ဆိုင်ရာ မြို့နယ်သမဝါယမအသင်းစုနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ပြီး ဟိုပုံးမြို့နယ် သမဝါယမဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံ၍ သမဝါယမ အသင်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး၊ လုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**ပအိုဝ်းဒေသ**

**(ပြန်/ဆက်)**



# ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားကျင်းပ

## လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စနစ်တကျပြုစုပျိုးထောင်ပေးခြင်းဖြင့် နိုင်ငံတော်၏အနာဂတ်ကို ပုံဖော်

နေပြည်တော် ဩဂုတ် ၁၂

**၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Hotal Max ၌ ကျင်းပသည်။**




အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် Jeng Phang နော်တောင်၊ ဒေါက်တာ ချောချောစိန်၊ ဒေါက်တာ မျိုးသိန်းကျော်၊ ဒေါက်တာ စိုးဝင်း၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရ ထူးချွန်လူငယ်များ၊ မသန်စွမ်းလူငယ်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ လူငယ်ကိုယ်စားလှယ်များ၊ ရေကြောင်းနှင့် လေကြောင်း လူငယ်များ၊ ကြက်ခြေနီနှင့် ကင်းထောက်လူငယ်များ၊ နေပြည်တော်ရှိ တက္ကသိုလ်၊ ကောလိပ်နှင့်သိပ္ပံကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ လူငယ်ဖွံ့ဖြိုးရေးဆောင်ရွက်နေသည့် အဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ကုလသမဂ္ဂအဖွဲ့၏ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အတွက် ချမှတ်ထားသည့် ဆောင်ပုဒ်မှာ " လူငယ်စွမ်းအားမှသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်ဆီသို့ " (Local Youth Actions For The SDGs And Beyond) ဖြစ်ပြီး နိုင်ငံတစ်နိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်သည့်အခါတွင် လူသားအရင်းအမြစ်သည် အဓိကစွမ်းအားစုများဖြစ်ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်ဆီသို့ လျှောက်လှမ်းရာတွင် ယနေ့လူငယ်များ၏ စွမ်းအားများနှင့် အဓိကအခန်းကဏ္ဍမှ ဦးဆောင်ပါဝင်စေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း။

ယနေ့လူငယ်များသည် နိုင်ငံတော်၏ အနာဂတ်တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြမည့်သူများဖြစ်သလို အနာဂတ်နိုင်ငံတော်၏ အကောင်းအဆိုးသည်လည်း ယနေ့ လူငယ်များ၏ စွမ်းဆောင်ရည်၊ ကိုယ်ကျင့်တရား၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ တာဝန်ယူမှုနှင့် တာဝန်ခံမှုတို့အပေါ် မှီတည်နေသည့်အတွက် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို စနစ်တကျ ပြုစုပျိုးထောင်ပေးခြင်းအားဖြင့် နိုင်ငံတော်၏အနာဂတ်ကို အကောင်းဆုံး ပုံဖော်ဖန်တီးနိုင်သည့် လူငယ်မောင်မယ်များဖြစ်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr. Antonio Guterres က အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အတွက် ပေးပို့သည့်သဝဏ်လွှာကို မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က ဖတ်ကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က ထူးချွန်ဆုရလူငယ်များအား ဂုဏ်ပြုဆုငွေများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့နှင့်လူငယ်စကားဝိုင်းအတွက် အလှူငွေ ပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က လက်ခံရယူသည်။

ဆက်လက်၍ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ချက်မှတ်တမ်း (Video Clip)ကို ပြသသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဇင်မင်းထက်နှင့် တာဝန်ရှိသူများက မြန်မာလူငယ် ဖွံ့ဖြိုးတိုးတက်ရေးအသင်းနှင့် အနာဂတ်လူငယ်များအဖွဲ့အား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများနှင့် လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့ကြသူများအား ဂုဏ်ပြုဆုငွေ၊ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုဆုတံဆိပ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ ဒေါ်ကြည်စင်ရွှေက Moderator အဖြစ် ဆောင်ရွက်ပြီး ပါဝင်ဆွေးနွေးသူများအနေဖြင့် ဦးကမ္ဘာထွန်း၊ မသိမ့်နေခြည်သက်ပိုင်၊ ဒေါ်စုစုဖြိုး၊ မရွှန်းလက်မီမီခိုင်နှင့်မသီရိထက်ဇော်တို့က ယဉ်ကျေးမှုအမွေအနှစ်နှင့် လူငယ် (Cultural Heritage and Youth)၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများနှင့် နည်းပညာ (Environmental Challenges and Technology)နှင့် အရည်အသွေးပြည့်ဝသော ပညာရေးမှသည် အောင်မြင်သော စီးပွားရေးလမ်းကြောင်းသစ်များဆီသို့ (From Quality Education to Successful Economic Pathways) စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးကြကာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ဦးဆောင်ဆွေးနွေးကြသူများက ပြန်လည်ဖြေကြား၍ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က နိဂုံးချုပ် အမှာစကားပြောကြားသည်။

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ လူမှုအကျိုးပြုလုပ်ငန်းများအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ရေသပ္ပာယ်ခြင်း၊ ဘုရားရင်ပြင်တော်တွင် သန့်ရှင်းရေးလုပ်ခြင်း၊ ကြမ်းတိုက်ခြင်းနှင့် ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ၌ အဘိုး၊ အဘွားများကို ခေါင်းဖြီးပေးခြင်း၊ ခြေသည်းလက်သည်းများညှပ်ပေးခြင်း၊ နှိပ်နယ်ပေးခြင်း၊ အားပေးစကားများပြောခြင်း စသည်တို့ကို လုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးမည်

**နေပြည်တော် ဩဂုတ် ၁၂**


ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း ဩဂုတ် ၁၃ ရက်မှ ၁၇ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**


သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**


မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၂-၈-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၃-၈-၂၀၂၅ ရက်နေ့မှ ၁၄-၈-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှု ခန့်မှန်းချက်ပြပုံ



မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၂-၈-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၅-၈-၂၀၂၅ ရက်နေ့မှ ၁၆-၈-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှု ခန့်မှန်းချက်ပြပုံ



မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၂-၈-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၇-၈-၂၀၂၅ ရက်နေ့အတွက် မိုးရွာသွန်းမှု ခန့်မှန်းချက်ပြပုံ



နိုင် ငံ တစ် ဝန်း သစ် တော စွမ်း ဖြင့် စိမ်း လန်း စေ ရ မည်

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် နောင်ချိုမြို့သို့ ပြန်လည်ဝင်ရောက်နေထိုင်ကြသည့်ပြည်သူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုအားပေး



**နေပြည်တော် ဩဂုတ် ၁၂**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့သို့ သွားရောက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နောင်ချိုမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက နောင်ချိုမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းလုပ်ငန်းကို One Stop Service ဖြင့် စိစစ်ထုတ်ပေးနေမှုကို လည်းကောင်း၊ နိုင်ငံသားကတ်ရရှိပြီးသူများအား Biographic/ Biometric ကောက်ယူကာ Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်ပေးနေမှုကိုလည်းကောင်း၊ စာသင်ခန်းများအတွင်း ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် နောင်ချိုမြို့ မြို့လယ်သာသနာ့ဗိမာန်၌ ယာယီရုံးခန်းဖွင့်လှစ်ထားသည့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန နောင်ချိုမြို့နယ် ဦးစီးမှူးရုံးမှဝန်ထမ်းများက နောင်ချိုမြို့သို့ ပြန်လည်ဝင်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသားပြည်သူများအား ၎င်းတို့နေရပ်စွန့်ခွာစဉ် ပျက်စီး/ ပျောက်ဆုံးသွားသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြန်လည်စိစစ်ထုတ်ပေးခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး One Stop Service ဖြင့် ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်များကို သက်ဆိုင်ရာကာယကံရှင် ပြည်သူများထံ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံသားကတ် ရရှိပြီးသူများအား Biographic/Biometric ကောက်ယူကာ Unique ID နံပါတ်ထုတ်ပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားကတ် လာရောက်ဆောင်ရွက်ကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျောက်မဲခရိုင်နှင့် မြို့နယ်ဦးစီးမှူးရုံး၊ နမ္မတူနှင့် သီပေါမြို့နယ်ဦးစီးမှူးရုံးများ အဆိုပါ ဓမ္မာရုံ၌ပင် ယာယီရုံးများဖွင့်လှစ်ထားရှိမှုအခြေအနေကို ကြည့်ရှုကာ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ သက်ဆိုင်ရာမြို့များ၌ မြို့နယ်ရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင်စီစဉ်ထားရှိရေး၊ လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူအဆင့်ဆင့်သို့ တင်ပြဆောင်ရွက်ကြရေး မှာကြားကာ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေ၊ ဆန်အိတ်များနှင့်စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ပြီး ဓမ္မာရုံရှေ့၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ရရှိရေးအတွက် လာရောက်ဆောင်ရွက်ကြသည့် ဒေသခံပြည်သူများအား လုပ်ငန်းဆိုင်ရာအခက်အခဲများကို မေးမြန်း၍ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် နောင်ချိုမြို့၌ အကြမ်းဖက်ဖြစ်စဉ်များကြောင့် နောင်ချိုမြို့နယ်ဦးစီးမှူးရုံး မီးလောင်ပျက်စီးမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရုံးပြန်လည်တည်ဆောက်ရေးအတွက် ဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ နောင်ချိုမြို့ စိန်ရတနာကျောင်းတိုက်၌ ကျောက်မဲခရိုင်အတွင်းရှိ အမျိုးသားဝန်ထမ်းများ ယာယီနေရာချထားမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ၏ နေထိုင်၊ စားသောက်ရေးအဆင်ပြေစေရေးအတွက် တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးရေးမှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ သဘာဝဇီဝမြေဩဇာ၊ အားဖြည့်ကွန်ပေါင်းသဘာဝဇီဝမြေဩဇာများနှင့် အကျိုးပြုအဏုဇီဝပိုးရည်ထုတ်ကုန်များဈေးနှုန်းချိုသာစွာ ထုတ်လုပ်ဖြန့်ချိပေးနေမှုကြည့်ရှု

**နေပြည်တော် ဩဂုတ် ၁၂**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် မွန်ပြည်နယ် သယံဇာတရေးရာ ဝန်ကြီးနှင့်အတူ ဩဂုတ် ၉ ရက် မွန်းလွဲပိုင်းတွင် နည်းပညာတက္ကသိုလ် (မော်လမြိုင်) သို့ ရောက်ရှိပြီး ဒုတိယပါမောက္ခချုပ်၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ လိုအပ်ချက်တင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများ၏ သုတေသနပရောဂျက်များကို ကြည့်ရှုအားပေးပြီး သုတေသနရလဒ်များမှ ဒေသတွင်း စက်မှုကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် လက်တွေ့ကျကျအသုံးချနိုင်ရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဇီဝနည်းပညာ သုတေသနဦးစီးဌာန၏ ရွှေဇီဝ သဘာဝမြေဩဇာစက်ရုံသို့ ရောက်ရှိပြီး နိုင်ငံခြားမှ တင်သွင်းသော ဓာတ်မြေဩဇာများ အစားထိုးသုံးစွဲနိုင်ရန် သဘာဝဇီဝမြေဩဇာ၊ အားဖြည့်ကွန်ပေါင်းသဘာဝဇီဝမြေဩဇာများနှင့် အကျိုးပြုအဏုဇီဝပိုးရည်ထုတ်ကုန်တို့ကို သုတေသနပြုလုပ်ပြီး အရည်အသွေးကောင်းမွန်၍ ဈေးနှုန်းချိုသာစွာ ထုတ်လုပ်ဖြန့်ချိပေးနေမှု၊ ဒေသတွင်းတောင်သူများ၊ ဥယျာဉ်နှင့် ရော်ဘာခြံရှင်များအတွက် နည်းပညာပံ့ပိုးပေးမှု၊ ၂၀၂၄ ခုနှစ် ထုတ်ကုန်အသစ် ဖြစ်သည့် အားဖြည့်ကွန်ပေါင်း (ရော်ဘာအထူး)နှင့် ၂၀၂၅ ခုနှစ် ထုတ်ကုန်အသစ်ဖြစ်သည့် အားဖြည့်ကွန်ပေါင်း (ဆီအုန်းအထူး) ထုတ်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ဒုတိယဝန်ကြီးက ဒေသတွင်း စားရေရိက္ခာဖူလုံရေးအပြင် စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးကာ ပြည်သူတို့၏ လူမှုစီးပွားဘဝကို မြှင့်တင်ရေးအတွက် တိုက်ရိုက်ဝန်ဆောင်မှုပေးနေသည့် ဇီဝနည်းပညာလုပ်ငန်းများဖြစ်၍ သတ်မှတ်အရည်အသွေးစံမီစွာ ထုတ်လုပ်သွားရန်၊ ဒေသအကျိုးပြုမှသည် နိုင်ငံ့အကျိုးပြု ဇီဝနည်းပညာလုပ်ငန်းများအဖြစ် မြှင့်တင်နိုင်ရေးအတွက် နည်းပညာဖွံ့ဖြိုးမှု အရွေ့နှုန်းနှင့် အမီလိုက်ပါနိုင်ရေး စဉ်ဆက်မပြတ် လေ့လာဆောင်ရွက်သွားရန်လိုအပ်ကြောင်း တိုက်တွန်းမှာကြားသည်။




ထို့နောက် အစိုးရနည်းပညာ အထက်တန်းကျောင်း (မော်လမြိုင်) သို့ရောက်ရှိပြီး ကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်ချက်တင်ပြမှုများကို ပေါင်းစပ်ဖြည့်ဆည်းပေးကာ ဘာသာရပ်အလိုက်စာသင်ခန်းများ၊ လက်တွေ့ခန်းများ၊ အလုပ်ရုံများတွင် စိတ်အားထက်သန်စွာ လေ့လာနေကြသော ကျောင်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ နည်းပညာအရည်အသွေး ပြည့်ဝရုံအပြင် ကျင့်ဝတ်၊ စည်းကမ်းများကို လိုက်နာတတ်သော လူငယ်ကောင်းများဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# သရက်မြို့၌ မိုးနှမ်း (စမုန်နက် ) စံကွက်ရိတ်သိမ်းပွဲ ကျင်းပ



**သရက် ဩဂုတ် ၁၂**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ပိသလိမ်းကျေးရွာအုပ်စု သဲဖြူကျေးရွာ ကွင်းအမှတ် (၂၀၇Aခ)တွင်စိုက်ပျိုးထားသော မိုးနှမ်း(စမုန်နက်)စံကွက်ရိတ်သိမ်းပွဲကို ယမန်နေ့က ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးနှင့် တာဝန်ရှိသူများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်ကြသည်။

အဆိုပါသဲဖြူကျေးရွာ ကွင်းအမှတ်(၂၀၇ Aခ) တွင် မိုးနှမ်း (စမုန်နက်)စံပြကွက်ကို အပင်သက်တမ်းသုံးလကြာ စိုက်ပျိုးခဲ့ပြီး တစ်ဧက ၁၇ ဒသမ ၂၄ တင်း ထွက်ရှိခဲ့ခြင်းဖြစ်သည်။ သရက်မြို့နယ်၌ ယခုနှစ် မိုးနှမ်းစိုက်ဧက ၂၃၃၁၉ ဧက စိုက်ပျိုးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ဇော်ထက်(သရက်)**

❖ *ကျောဖုံးမှ*

၄-၆၊ ၆-၀၊ ၇-၅ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ၃၂ ဦးအဆင့်သို့ တက်လှမ်းလာသူဖြစ်သည်။ ၎င်းသည် ယခုပြိုင်ပွဲမတိုင်မီ နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ဝါရှင်တန်အိုးပင်းပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်အထိ တက်လှမ်းထားနိုင်သူ ဖြစ်သည်။

ရှိုင်ဘာကီနာသည် စင်စင်နတီအိုးပင်းပြိုင်ပွဲ ၁၆ ဦးအဆင့်တွင် အမေရိကန်ထိပ်တန်းတင်းနစ်မယ်တစ်ဦး ဖြစ်သည့် မက်ဒီဆင်ကီးစ်နှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ မက်ဒီဆင်ကီးစ်သည် ၃၂ ဦးအဆင့်တွင် ဂျပန်တင်းနစ်မယ် အီတိုနှင့် တွေ့ဆုံခဲ့ပြီး ၆-၄၊ ၆-၀ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ၁၆ ဦးအဆင့်သို့ တက်လှမ်းလာသူ ဖြစ်သည်။

ရှိုင်ဘာကီနာနှင့်အတူ စင်စင်နတီအိုးပင်းပြိုင်ပွဲ ၁၆ ဦးအဆင့်သို့ အခြားနာမည်ကြီး တင်းနစ်မယ်များဖြစ်သည့် အဲလက်စ်ဇန်ဒရိုဗာ၊ ဆာဘယ်လင်ကာ၊ ဆွိယာတက်ခ်တို့ တက်လှမ်းနိုင်ခဲ့သည်။

**အောင်ဇော်**

# ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာရေးအဖွဲ့(IOM)မှ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးအား လက်ခံတွေ့ဆုံ၊ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံခန့်ခွဲမှုပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

**နေပြည်တော် ဩဂုတ် ၁၂**

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးသည် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (IOM) မှ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Iori KATO အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန ယာယီရုံးအဆောက်အအုံ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန နှင့် အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာရေး အဖွဲ့ (IOM) တို့အကြား ၂၀၁၅ ခုနှစ်မှစတင်၍ နားလည်မှုစာချွန်လွှာ(MoU) လက်မှတ်ရေးထိုးပြီး ဘေးကင်းလုံခြုံစွာ ရွှေ့ပြောင်းသွားလာမှုများနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရေး၊ IOM အနေဖြင့် မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် ပတ်သက်၍ အကူအညီပေးအပ်နေမှုနှင့် မြန်မာနိုင်ငံအတွင်း IOM ၏ လက်ရှိဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ယာယီရုံးအဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည့် အလုပ်သမားဝန်ကြီးဌာန အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (IOM) တို့အကြား ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံခန့်ခွဲမှု ပူးပေါင်း ဆောင်ရွက်ရေးမြှင့်တင်ခြင်းဆိုင်ရာ နားလည်မှု စာချွန်လွှာ (MoU) သက်တမ်းတိုးလက်မှတ်ရေးထိုး သည့်အခမ်းအနားသို့ တက်ရောက်သည်။**(ယာပုံ)**

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊



IOM မှ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြား ရေးမှူး Mr. Iori KATO ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့များ တက်ရောက်ကြသည်။

**သတင်းစဉ်**

# တောင်ကြီးမြို့၌ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားကျင်းပ

**တောင်ကြီး ဩဂုတ် ၁၂**

၂၀၂၅ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အမှာစကား ပြောကြားပြီး ကုလသမဂ္ဂအထွေထွေအတွင်း ရေးမှူးချုပ်၏ ၂၀၂၅ခုနှစ်အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အတွက် ပေးပို့သည့်သဝဏ်လွှာ ကိုပြည်နယ်လူမှုရေးရာဝန်ကြီးက ဖတ်ကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်း အမှတ်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု ရရှိသူများ၊ ထူးချွန်လူငယ်ဆုရရှိသူ များအား ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်တရား လွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ် ဥပဒေချုပ်နှင့် တာဝန်ရှိသူများ က ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြ သည်။ **(အောက်ဝဲပုံ)**



ယင်းနောက် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များ နေ့အထိမ်းအမှတ် လူငယ်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင် ရွက်ချက် မှတ်တမ်းဗီဒီယိုကို ပြသပြီး တောင်ကြီးပညာရေး ဒီဂရီကောလိပ် ကျောင်းသား ကျောင်းသူများက လူငယ့်စွမ်းရည် တေးသီချင်း၊ ထာဝရပြည်ထောင်စု တေးသီချင်းတို့ဖြင့် သီဆိုကပြ ဖျော်ဖြေကြသည်။

ဆက်လက်၍ ပြည်နယ် ဝန်ကြီးချုပ်က အသိပညာပေး ဟောပြောမည့် စာရေးဆရာမ နှစ်ဦးအား အမှတ်တရလက်ဆောင် နှင့် ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ပြီး ခင်းကျင်းပြသထားသည့် လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ရှမ်းပြည်နယ် စာကြည့်တိုက်များဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်မေမေနီနှင့် စာရေး ဆရာမ ငွေခြည်လင်းလက်တို့က လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေး အတွက် အသိပညာပေးဟောပြော ကြပြီး ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ ကျင်းပရာ ပါဝင်ယှဉ်ပြိုင်သူများ အား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ယမန်နေ့ မွန်းလွဲပိုင်း က ပြည်နယ်ဝန်ကြီးချုပ် သည် ပြည်နယ်သယံဇာတရေးရာ ဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ တောင်ကြီးမြို့၊ ရှမ်းပြည်နယ် အတွင်းဝန်များ ရုံးဟောင်းရှိ ဝန်ထမ်းသက်သာ ချောင်ချိရေး အရောင်းဆိုင်ကို ကြည့်ရှုစစ်ဆေး ပြီး အမြတ်အစွန်းထက် ဝန်ထမ်း သက်သာချောင်ချိရေးကို အဓိက ဦးစားပေး ဆောင်ရွက်ရန် မှာကြား၍ ဆန်၊ ဆီနှင့် လူသုံးကုန် ပစ္စည်း၊ စာရေးကိရိယာ၊ ပြည်တွင်း ကုန်ကြမ်းသုံး ထုတ်ကုန်ပစ္စည်း များ၊ ပစ္စည်းသိုလှောင်ခန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တောင်ကြီးမြို့နယ် အေးသာယာစက်မှုဇုန် အကွက် ကြီးအမှတ် (၁၀၂) တွင် UNI ENERGY CO.,Ltd.မှ ဆောင်ရွက် နေသော နေရောင်ခြည်စွမ်းအင် သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ (၁၀ – မဂ္ဂါဝပ်) စီမံကိန်းနှင့် တောင်ကြီးမြို့ ဂနိုင်ကန်သာယာ (၃) ရေနုတ်မြောင်းကို ကြည့်ရှု စစ်ဆေးပြီး လာမည့်နွေရာသီတွင် ကန်ပတ်လမ်း ကွန်ကရစ်လမ်းခင်း ရန်နှင့် ဆိုလာမီးများ တပ်ဆင်ရန် မှာကြား၍ ကန်တောင်ဘက်ခြမ်း ခြံစည်းရိုးကာရံရန် ကွန်ကရစ် တိုင် စိုက်ထူဆောင်ရွက်နေမှုကို ကြည့်ရှု၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

# မြိတ်မြို့နယ်၌ ဆိုလာနည်းပညာဖြင့် ၂၀ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်းအတွက် အကြိုစူးစမ်းလေ့လာမှုများ ရှင်းလင်းတင်ပြ

**ထားဝယ် ဩဂုတ် ၁၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် စန္ဒဝတ် ကျေးရွာ၌ ဆိုလာနည်းပညာဖြင့် ၂၀ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစီမံကိန်းအတွက် ဖြစ်မြောက်နိုင်စွမ်းရှိ၊ မရှိ အကြိုစူးစမ်းလေ့လာမှု လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် F.S Report အား Southern Green Power Co.,Ltd. က ရှင်းလင်းတင်ပြ ခြင်းကို ယမန်နေ့နံနက်ပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဆောင်ရွက်ရာ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ Southern Green Power Co.,Ltd. မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လျှပ်စစ်ဓာတ်အား ၁၀၀ ရာခိုင်နှုန်းရရှိပြီး ၂၄ နာရီ မီးအပြည့်အဝရရှိရေးနှင့် ၁ ယူနစ်ဈေးနှုန်းလျှော့ကျရေးကို ကြိုးစားဆောင်ရွက် လျက်ရှိကြောင်း၊ ဆိုလာနည်းပညာဖြင့် ၂၀ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်း ဆောင်ရွက် ပြီးပါက အတိုင်းအတာတစ်ခုအထိ ရည်မှန်းချက် အောင်မြင်လာနိုင်ကြောင်း၊ လုပ်ငန်းအောင်မြင်ရေး အတွက် ဌာနများအနေဖြင့် အောင်မြင်အောင်ဝိုင်းဝန်း ကူညီဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် Southern Green Power Co.,Ltd. မှ တာဝန်ရှိသူများက အကြိုစူးစမ်းလေ့လာမှုလုပ်ငန်း များ ဆောင်ရွက်ခဲ့သည့် F.S Report ကို ရှင်းလင်း တင်ပြရာ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာ များက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ညှိနှိုင်းဆောင်ရွက်ပေး ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



## မြန်မာ့ပင်လယ်ပြင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် ဩဂုတ် ၁၂**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့် အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ခရီးသွားအတွေ့အကြုံများမှ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်ဘာသာရပ်များအတွက် အတွေးတစ်စ (အပိုင်း-၈)

# စိုက်ပျိုးမွေးမြူရေးကောင်စီ

ဒေါက်တာမျိုးကြွယ်(ပါမောက္ခချုပ်-ငြိမ်း)

**ထပ်မံပြီး စာရေးသူ ကြုံတွေ့ခဲ့ရသည့် နိုင်ငံတကာကျင့်သုံးနေသော ကောင်စီစနစ်အကြောင်းကို ဆွေးနွေးပါမည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အဓိကအားထားရသော နိုင်ငံဖြစ်ပါလျက် ဆေးကောင်စီ၊ စာရင်းအင်းကောင်စီ၊ အင်ဂျင်နီယာကောင်စီများကဲ့သို့ နိုင်ငံတော်အမျိုးသားအဆင့် စိုက်ပျိုးမွေးမြူရေးကောင်စီ မရှိသေးခြင်းသည် လိုအပ်ချက်တစ်ရပ်ဖြစ်သည်ဟု တွေးမိပါသည်။**

"နိုင်ငံတစ်ခုအတွင်း သီးခြားကွဲပြားသည့် စိုက်ပျိုးရေးသုတေသနအဖွဲ့/ကောင်စီ (Agricultural Council)" တစ်ခုတည်ထောင်ထားခြင်း၏ အရေးပါမှုနှင့် ကမ္ဘာ့အဆင့်မီ တချို့သောအဖွဲ့အစည်းများအကြောင်းကို ဆက်လက်ဆွေးနွေးပါမည်။

**(က) အမျိုးသားအဆင့် စိုက်ပျိုးရေးသုတေသနကောင်စီ အိန္ဒိယ**

အိန္ဒိယနိုင်ငံတွင် ၁၉၂၉ ခုနှစ်ကတည်းက စတင်တည်ထောင်ခဲ့ပြီး နယူးဒေလီမြို့၌ ရုံးချုပ်ရှိသည်။ နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေး သုတေသန၊ တောင်သူပညာပေးနှင့် အဆင့်မြင့်ပညာရေး လုပ်ငန်းများကို စုပေါင်းညှိနှိုင်းမှုဖြင့် တက်ကြွစွာ ဆောင်ရွက်သည်။ တစ်နိုင်ငံလုံး စိုက်ပျိုးမွေးမြူရေး တက္ကသိုလ် ၇၄ ကျောင်းနှင့် သုတေသနဌာနပေါင်း (၁၀၀+) နှင့် အထက်တို့ကို စီမံအုပ်ချုပ်ခြင်း၊ ဥပမာ- အသစ်တီထွင်ထားသော သီးနှံမျိုးကောင်းများ၊ မွေးမြူရေးတိရစ္ဆာန်မျိုးကောင်းများ၊ ကောင်းမွန်သော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းစနစ်များ ဖွံ့ဖြိုးခြင်း၊ တောင်သူပညာပေးလုပ်ငန်းရုံးများ (KVKs-Krishi Vigyan kendra Centres)" များမှတစ်ဆင့် တောင်သူပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်နေပါသည်။ (မှတ်ချက် - KVK သည် ဌာနပေါင်းစုံတစ်နေရာတည်း - One stop service ဆောင်ရွက်ရသော အောင်မြင်နေသည့် တောင်သူပညာပေးလုပ်ငန်းဖြစ်ပါသည်။)

အမျိုးသားအဆင့် စိုက်ပျိုးရေးသုတေသနကောင်စီ အိန္ဒိယ(ICAR)သည် အိန္ဒိယနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေး၊ တောင်သူလယ်သမားများ လူမှုဘဝဖူလုံရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန (Ministry of Agriculture, Farmers' Welfare and Rural Development) နှင့် နီးကပ်စွာ ဆက်စပ်နေသော်လည်း ၎င်းသည် သီးသန့်ဥပဒေဖြင့် ဖွဲ့စည်းထားသော အချုပ်အခြာအာဏာရှိသည့် အဖွဲ့အစည်း (Autonomous Organization) ဖြစ်ပါသည်။

**ဝန်ကြီးဌာနနှင့် ဆက်စပ်မှု**

၎င်းကောင်စီ (ICAR) ကို စိုက်ပျိုးရေးဝန်ကြီးဌာနက မူဝါဒဆိုင်ရာလမ်းညွှန်မှုပေးပြီး ၎င်း၏ဘတ်ဂျက်နှင့် အဓိကလုပ်ငန်းများကို ထောက်ပံ့သည်။သို့သော် ICAR ၏ နေ့စဉ်လုပ်ငန်းဆောင်ရွက်မှုများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဖြင့် ဆောင်ရွက်ပါသည်။

**သီးသန့်အဖွဲ့အစည်း (Autonomous Body) အဖြစ် ဖွဲ့စည်းပုံ**

ICAR ကို ၁၉၆၅ ခုနှစ်တွင် ပါလီမန်ဥပဒေအရ "Indian Council of Agricultural Research Act" ဖြင့် တရားဝင်ဖွဲ့စည်းခဲ့ပြီး အစိုးရ၏ တိုက်ရိုက်ထိန်းချုပ်မှုမရှိဘဲ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသည်။ ၎င်း၏ ဥက္ကဋ္ဌ (President) သည် အိန္ဒိယနိုင်ငံ၏ စိုက်ပျိုးရေးဝန်ကြီးဖြစ်သော်လည်း နေ့စဉ်စီမံခန့်ခွဲမှုကို ညွှန်ကြားရေးမှူးချုပ် (Director-General - DG, ICAR)က တာဝန်ယူသည်။

**အခြားနှိုင်းယှဉ်မှုများ**

CSIR (Council of Scientific & Industrial Research) နှင့် ICMR (Indian Council of Medical Research) တို့ကဲ့သို့ပင် ICAR သည် အစိုးရ၏ ငွေကြေးထောက်ပံ့မှုဖြင့် လွတ်လပ်စွာ လုပ်ကိုင်သော အဖွဲ့အစည်းဖြစ်သည်။ ICAR သည် စိုက်ပျိုးရေးဝန်ကြီးဌာန၏ လက်အောက်ခံမဟုတ်ဘဲ ဥပဒေအရကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိသော အဖွဲ့အစည်းဖြစ်ပါသည်။

သို့သော် ဝန်ကြီးဌာနနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ပြီး အိန္ဒိယနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေး သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးဆောင်ပါသည်။ ထို့ကြောင့် ၎င်းကောင်စီ ကို "ဝန်ကြီးဌာန၏ အောက်ရှိဌာန (Not under Ministry's Management)" ဟု တိုက်ရိုက်မသတ်မှတ်နိုင်ဘဲ "အစိုးရအထောက်အပံ့ခံ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိသော အဖွဲ့အစည်း (Government-funded Autonomous Organization)"ဟု နားလည်ရမည်ဖြစ်ပါသည်။




အိန္ဒိယအမျိုးသားအဆင့် စိုက်ပျိုးရေးသုတေသနအဖွဲ့ကောင်စီ (ICAR)




တရုတ်စိုက်ပျိုးမွေးမြူရေးသိပ္ပံအကယ်ဒမီ (CAAS)

**(ခ) တရုတ်စိုက်ပျိုးမွေးမြူရေးသိပ္ပံအကယ်ဒမီ တရုတ်နိုင်ငံ**

တရုတ်စိုက်ပျိုးမွေးမြူရေး သိပ္ပံအကယ်ဒမီ (Chinese Academy of Agricultural Sciences-CAAS)သည် တရုတ်နိုင်ငံ၏ အကြီးဆုံးနှင့် အရေးပါဆုံးသော စိုက်ပျိုးရေးသုတေသနအဖွဲ့အစည်းဖြစ်ပြီး အစိုးရအကြီးအကဲအောက်တွင် တရားဝင်ဖွဲ့စည်းထားသော်လည်း သုတေသနလွတ်လပ်ခွင့်အတိုင်း လုပ်ကိုင်နိုင်သည့် အဖွဲ့အစည်းဖြစ်သည်။

၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်ပြီး ဘေဂျင်းမြို့၌ ဌာနချုပ်တည်ရှိသည်။ ၎င်းအဖွဲ့သည် တရုတ်နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ရေးရာကိစ္စများဝန်ကြီးဌာန (Ministry of Agriculture and Rural Affairs -MARA) ၏ တိုက်ရိုက်ကြီးကြပ်မှုအောက်တွင် ရှိသော်လည်း သုတေသနနှင့် စီမံခန့်ခွဲမှုတွင် အတိုင်းအတာတစ်ခုအထိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိသည်။

စိုက်ပျိုးရေးမွေးမြူရေးသိပ္ပံ၊ ဇီဝနည်းပညာ၊ သီးနှံဖွံ့ဖြိုးရေး၊ ရေရှည်တည်တံ့သော စိုက်ပျိုးမွေးမြူရေးဆိုင်ရာ သုတေသနကိစ္စများကို အဓိကထား လုပ်ကိုင်သည်၊ ၎င်းအဖွဲ့တွင် ကိုယ်ပိုင်သုတေသနဌာနများ၊ ဓာတ်ခွဲခန်းများနှင့် ပညာရှင်များပါဝင်ပြီး

*စာမျက်နှာ ၁၁ သို့*

**ဇယား - ၁ ကမ္ဘာတစ်ဝန်းမှ အမျိုးသားအဆင့် စိုက်ပျိုးရေးသုတေသနအဖွဲ့/ကောင်စီများ**

| နိုင်ငံ | အဖွဲ့အမည် | အတိုကောက် | ဝက်ဘ်ဆိုက် |
|---|---|---|---|
| အိန္ဒိယနိုင်ငံ | အိန္ဒိယစိုက်ပျိုးမွေးမြူရေးသုတေသနကောင်စီ Indian Council of Agricultural Research | ICAR | https://icar.org.in |
| တရုတ်နိုင်ငံ | တရုတ်စိုက်ပျိုးမွေးမြူရေးသိပ္ပံအကယ်ဒမီ Chinese Academy of Agricultural Science | CAAS | http://www.caas.cn/en/ |
| အမေရိကန်နိုင်ငံ | အစားအစာနှင့် စိုက်ပျိုးမွေးမြူရေး အမျိုးသားအဆင့်အဖွဲ့ National Institute of Food and Agriculture | NIFA | https://nifa.usda.gov |
| ဩစတြေးလျနိုင်ငံ | ဩစတြေးလျ အပြည်ပြည်ဆိုင်ရာစိုက်ပျိုးမွေးမြူရေး သုတေသနဌာန Australian Center for International Agricultural Research | ACIAR | https://aciar.gov.au |
| ဘရာဇီးနိုင်ငံ | ဘရာဇီးစိုက်ပျိုးမွေးမြူရေးသုတေသန ကော်ပိုရေးရှင်း Brazilian Agricultural Research Corporation | EMBRAPA | https://www.embrapa.br/en |
| နိုင်ငံအားလုံး | အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးမွေးမြူရေးသုတေသနအဖွဲ့ Consultative Group on International Agricultural Research | CGIAR | https://www.cgiar.org |

**❂ စိုက်ပျိုးရေးမွေးမြူရေးသိပ္ပံ၊ ဇီဝနည်းပညာ၊ သီးနှံဖွံ့ဖြိုးရေး၊ ရေရှည်တည်တံ့သော စိုက်ပျိုးမွေးမြူရေးဆိုင်ရာ သုတေသနကိစ္စများကို အဓိကထား လုပ်ကိုင်သည်၊ ၎င်းအဖွဲ့တွင် ကိုယ်ပိုင်သုတေသနဌာနများ၊ ဓာတ်ခွဲခန်းများနှင့် ပညာရှင်များပါဝင်ပြီး နည်းပညာဆိုင်ရာ ဆုံးဖြတ်ချက်များကို ကိုယ်ပိုင်ချမှတ်နိုင်သည်။ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ (ဥပမာ- အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးမွေးမြူရေးသုတေသနအဖွဲ့-CGIAR၊ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးမွေးမြူရေးအဖွဲ့-FAO) များနှင့် တွဲဖက်ဆောင်ရွက်/ပြုလုပ်နေ**

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၁၂**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"နိုင်ငံတစ်ခုရဲ့ လူသားအရင်းအမြစ်ဆိုတာကို နားမလည်ဘဲ ဆရာ၊ ဆရာမတွေကို အဓိကထား ခြိမ်းခြောက်သတ်ဖြတ်နေတဲ့ တော်လှန်ရေး"** ခေါင်းစဉ်ဖြင့် ဩဂုတ် ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးမည် ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"လုံးပါးပါးသွားတော့မယ့် NUG ဦးဆောင်တဲ့ မုဒိမ်းကျင့်၊ လူသတ်၊ ဆက်ကြေးကောက်တဲ့ တော်လှန်ရေး"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## ရွှေဘိုမြို့၌ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေး လုပ်ငန်းသုံးပစ္စည်းပေးအပ်

**ရွှေဘို ဩဂုတ် ၁၂**

ရွှေဘိုခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစား၊ အငယ်စား စီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာစေရေး ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်း လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းမှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းပေးအပ်ပွဲကို ယမန်နေ့က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ(ကိုယ်စား) အဖွဲ့ဝင် ခရိုင်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမင်းက နိုင်ငံတော်အနေဖြင့် MSMEs လုပ်ငန်းများကို အားပေးမြှင့်တင် ဆောင်ရွက်ပေးလျက်ရှိရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းလုပ်ငန်းများ အောင်မြင်အောင် ကြိုးစားဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားပြီး ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးလင်းထက်အောင်က မိသားစုဝင်ငွေတိုးစီမံကိန်းနှင့် ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝမြင့်မားလာစေရေး ဝင်ငွေတိုးအသက်မွေးဝမ်းကျောင်း နည်းပညာပေးသင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်ပေးလျက်ရှိရာ ယခုသင်တန်းတွင် ထူးချွန်သင်တန်းသား ငါးဦးအား တစ်ဦးလျှင် တစ်ဆယ့်လေးသိန်းတန်ဖိုးနှင့် ညီမျှသည့် ဆပ်ပြာမွှေစက်(ခုံအပါ)Steel Tank ၊Heat Gun နှင့်လုပ်ငန်းသုံးပစ္စည်းများကို ပေးအပ်ခဲ့သည်။

ခရိုင်(ပြန်/ဆက်)

## မော်ဘီမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေများဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်

**မော်ဘီ ဩဂုတ် ၁၂**



မော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အင်းတန်ကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မော်ဘီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်၊ မြို့နယ်ဦးစီးမှူး ဦးစိုးကျော်သူနှင့် တာဝန်ရှိသူများသည် အင်းတန်ကျေးရွာ၌ အရှည်ပေ ၅၀၀၊ အကျယ် ကိုးပေ၊ ဒု ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဖွံ့ဖြိုးရေးကော်မတီဝင်များ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးရေး အလေးထားဆောင်ရွက်ကြရန်နှင့် လအလိုက် ဖြည့်သွင်းရမည့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ/မရှိ ကြည့်ရှုစစ်ဆေးသည်။

အင်းတန်ကျေးရွာ၌ အဆိုပါ ကွန်ကရစ် လမ်းခင်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် သိန်း ၂၁၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၅၀၊ စုစုပေါင်းရန်ပုံငွေကျပ် သိန်း ၂၆၀ ကို အသုံးပြုပြီး ခရိုင်/မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုတို့ဖြင့် ကျေးရွာပြည်သူများက ဩဂုတ်လပထမပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ချိုသန်းညွန့်(ကျေးလက်)

**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

*စာမျက်နှာ ၁၀ မှ*

နည်းပညာဆိုင်ရာ ဆုံးဖြတ်ချက်များကို ကိုယ်ပိုင်ချမှတ်နိုင်သည်။ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ(ဥပမာ-အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးမွေးမြူရေးသုတေသနအဖွဲ့ - CGIAR၊ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးမွေးမြူရေးအဖွဲ့ - FAO) များနှင့် တွဲဖက်ဆောင်ရွက်/ပြုလုပ်နေသည်။

**(ဂ) အမေရိကန် အစားအစာနှင့် စိုက်ပျိုးမွေးမြူရေးအမျိုးသားအဆင့်အဖွဲ့ အမေရိကန်နိုင်ငံ**

အမေရိကန်အစားအစာနှင့် စိုက်ပျိုးမွေးမြူရေး အမျိုးသားအဆင့်အဖွဲ့ (NIFA) သည် အမေရိကန် စိုက်ပျိုးမွေးမြူရေးဦးစီးဌာန(USDA) အောက်ရှိ သုတေသန၊ ပညာရေးနှင့် တောင်သူပညာပေးလုပ်ငန်းများအတွက် ဘတ်ဂျက်/ငွေကြေးပေးသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ဤအဖွဲ့သည် ၂၀၀၉ ခုနှစ်တွင် USDA ၏ ယခင်အဖွဲ့ဖြစ်သော အမျိုးသားအဆင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာသုတေသန၊ ပညာရေး၊ တောင်သူပညာပေးရေးဆိုင်ရာ သမဝါယမအဖွဲ့ (Cooperative State Research, Education and extension Service - CSREES) ကို အစားထိုး၍ တည်ထောင်ခဲ့သည်။

ဤအဖွဲ့၏ တာဝန်များမှာ စိုက်ပျိုးမွေးမြူရေး သုတေသန၊ စိုက်ပျိုးမွေးမြူပညာရေးနှင့် တောင်သူပညာပေးဝန်ဆောင်မှုများကို ဦးဆောင်ပြီး အမေရိကန်တစ်ဝန်းတွင် လူမှုအကျိုးဖြစ်ထွန်းရေးအတွက် ပံ့ပိုးမှုများပေးခြင်း၊ အဓိကအချက်များမှာ - အစားအစာဘေးကင်းလုံခြုံရေး၊ ရာသီဥတုပြောင်းလဲမှု၊ ကျန်းမာရေး၊ ရေရှည်တည်တံ့သော ဇီဝစွမ်းအင်စသည်ဖြင့် ပါဝင်သည်။

**(ဃ) ဩစတြေးလျ အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးမွေးမြူရေးသုတေသနဌာန**

ဩစတြေးလျအပြည်ပြည်ဆိုင်ရာ စိုက်ပျိုးမွေးမြူရေးသုတေသနအဖွဲ့ (ACIAR ) သည် စိုက်ပျိုးမွေးမြူရေးနည်းပညာ၊ သုတေသနနှင့် နိုင်ငံတကာဖွံ့ဖြိုးရေးကို ပံ့ပိုးရန်အတွက် ဩစတြေးလျအစိုးရမှ ၁၉၈၂ ခုနှစ်တွင် တည်ထောင်ခဲ့သည့် အဖွဲ့အစည်းဖြစ်သည်။ ဤအဖွဲ့သည် နိုင်ငံအပြင်၌ ရှိသည့် ဖွံ့ဖြိုးမှုအဆင့်နိမ့်သော နိုင်ငံများတွင် စိုက်ပျိုးရေးသုတေသနများကို ရင်းနှီးမြှုပ်နှံခြင်းကို အသုံးပြု၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ စားသောက်လုံခြုံရေးနှင့် ဆီလျော်သော ထုတ်လုပ်မှုစနစ်များ တီထွင်ဖန်တီးရန် ရည်ရွယ်သည်။

**အပြည်ပြည်ဆိုင်ရာအဖွဲ့ "ACIAR - International" လို့ ခေါ်ရခြင်းအကြောင်း**

ACIAR သည် သုတေသနများကို တစ်နိုင်ငံတည်းမဟုတ်ဘဲ အာရှ၊ အာဖရိက၊ အင်ဒို-ပစိဖိတ်ဒေသစသည့် ဖွံ့ဖြိုးရေးအဆင့်နိမ့်သော နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် "International" လို့ ခေါ်သည်။ ACIARသည် သုတေသနကို ကိုယ်တိုင်မလုပ်ပါ။ ထိပ်တန်းတက္ကသိုလ်များ၊ သုတေသနဌာနများနှင့် နိုင်ငံတကာအဖွဲ့အစည်းများကို အလှူရှင်အစိုးရ၊ တစ်စုံတစ်ယောက်ချင်းစီမှ ကုန်ကျစရိတ်ပံ့ပိုးထောက်ပံ့ပေးခြင်းဖြစ်သည်။

ဤကဲ့သို့နိုင်ငံတကာကိုဦးတည်သော သုတေသနပူးပေါင်းမှုများကနေ သီးသန့်ဩစတြေးလျနိုင်ငံ စီးပွားရေးနှင့် အထွေထွေရေးရာတွင် အကျိုးဖြစ်ထွန်းမှုများကို ဖန်တီးပေးနိုင်သည်။ ဤဩစတြေးလျနိုင်ငံအတွင်းရှိ တက္ကသိုလ်များ၊ ဗဟိုသုတေသနဌာန (CSIRO)နှင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ သုတေသနဌာနများကို ငွေကြေးပံ့ပိုးခြင်းဖြင့် သိပ္ပံပညာတိုးတက်ရေးကို မြှင့်တင်ပေးသည်။ **လူငယ်သုတေသနပညာရှင်များအတွက် နိုင်ငံတကာ အတွေ့အကြုံများစွာ ရရှိစေသည်။**

သဘာဝဘေးအန္တရာယ်များ၊ ကျန်းမာရေးအန္တရာယ်များ၊ ကူးစက်ရောဂါများကဲ့သို့သော ဇီဝလုံခြုံရေး (Biosecurity)အန္တရာယ်များကို တင်းကျပ်စွာ ထိန်းချုပ်နိုင်ရန် သုတေသနများစွာကို ပံ့ပိုးနိုင်သည်။ ACIAR ၏ သုတေသနတချို့မှာ ဩစတြေးလျနိုင်ငံတောင်သူများအတွက်ပါ အသုံးဝင်သည်။ ဥပမာ- ပဲတီစိမ်းမျိုးစေ့ကောင်းများ ဖန်တီးထုတ်လုပ်နိုင်ခဲ့သည့် "International Mungbean Improvement Network" သုတေသနမှစပြီး ကွင်းစလန်ပြည်နယ်တောင်သူများက စိုက်ပျိုးနိုင်ခြင်းဖြင့် တစ်နှစ်လျှင် ဩစတြေးလျ ဒေါ်လာသန်း ၁၀၀ အထိ တန်ဖိုးဖြစ်ထွန်း၊ အမြတ်ရစေသည်။

**စာရေးသူ၏ အတွေးတစ်စ**

မြန်မာနိုင်ငံအတွက် "Myanmar Agricultural Science/Research Council (MAS Council)" လွတ်လပ်သောအဖွဲ့ (Autonomous Organization) ကို တည်ထောင်ခြင်းဖြင့် မြန်မာ့စိုက်ပျိုးမွေးမြူရေးနယ်ပယ်တွင် သိပ္ပံနည်းကျ ဖွံ့ဖြိုးတိုးတက်စေမည့် နည်းလမ်းဖြစ်ပါသည်။

**အဓိကရည်ရွယ်ချက်များ**

(က) နိုင်ငံတစ်ဝန်း စိုက်ပျိုးမွေးမြူရေးသုတေသနများအားလုံး စုစည်းညှိနှိုင်းခြင်းဖြင့် သုတေသနများထပ်နေမှုမရှိ၊ ပညာရပ်ဆိုင်ရာသုတေသနနှင့် အသုံးချသုတေသနများ ဆက်စပ်ပေးနိုင်ခြင်း၊

(ခ) မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တက္ကသိုလ်များအားလုံး၊ သုတေသနဌာနများအားလုံး၊ နိုင်ငံတကာ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့များအားလုံးနှင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အကျိုးရှိသုတေသနများ ပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊

(ဂ) တစ်နိုင်ငံလုံးရှိ စိုက်ပျိုးရေးသုတေသနရလဒ်များကို တောင်သူသုံးနိုင်ရန် နည်းပညာအကူအညီပေးနိုင်ခြင်း၊

(ဃ) အစားအစာအာဟာရ ဘေးကင်းလုံခြုံရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် မြေဆီလွှာပျက်စီး၊ ဆုံးရှုံးမှုများကို ရှောင်ကြဉ်ရန် သိပ္ပံအခြေပြုဖြေရှင်းနည်းများ ဖော်ထုတ်နိုင်ခြင်း၊

(င) မြန်မာ့စိုက်ပျိုးမွေးမြူရေးပညာများအတွက် အရည်အချင်းပြည့်ဝသော ပညာရှင်များ ဖွံ့ဖြိုးရေးပံ့ပိုးပေးနိုင်ခြင်း စသည်တို့ကို ဆောင်ရွက်နိုင်ပါသည်။

ယခင်က စိုက်ပျိုး၊ မွေးမြူရေးနှင့် သစ်တောပညာရပ်များ အကယ်ဒမီ (Myanmar Academy of Agriculture, Livestock and Forestry) ရှိခဲ့ဖူးပါသည်။ စာရေးသူ အမျိုးသားပညာရေးမူဝါဒကော်မရှင် (NEPC -National Education Policy Commission) အဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့စဉ်ကလည်း ဥပဒေအရ ပြည်ထောင်စုလွှတ်တော်သို့ ခြောက်လတစ်ကြိမ် တိုက်ရိုက်အစီရင်ခံခြင်းဖြင့် ပညာရေးဆိုင်ရာ အကြံပြုချက်များ လွတ်လပ်စွာ၊ ပွင့်လင်းမြင်သာစွာ၊ တင်ပြခဲ့ရပါသည်။ ။

**(ခေတ်မီ စိုက်ပျိုးမွေးမြူရေးပညာများ အသုံးပြုပေးခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်နိုင်ပါစေရန် ဆုတောင်းပေးလျက်။)**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ငလျင်ဘေးပြန်လည်တည်ဆောက်ရေး လုပ်ငန်းများနှင့် သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၂**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) ပြန်လည်ပြုပြင်နေမှု၊ ဥတ္တရသီရိရေလှောင်တမံအတွင်း ရေဝင်ရောက်မှု၊ တမံပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် အရေးပေါ်ရေပိုလွှဲဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက်ရှိ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်မည့် မြေနေရာ ပြုပြင်ဆောင်ရွက်နေမှုနှင့် မြေစမ်းသပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ပုဗ္ဗသီရိမြို့ပတ်လမ်းတစ်လျှောက် လမ်းဘေးဝဲယာ သန့်ရှင်းသာယာလှပရေး ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်း ဆောင်ရွက်နေမှုနှင့် ရေစီးရေလာ ကောင်းမွန်စေရေး ဆောင်ရွက်နေမှုကိုလည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ဧယျာမြေ)**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) ပြန်လည်ပြုပြင်နေမှု ကြည့်ရှုစစ်ဆေးစဉ်။






# မြောက်ဥက္ကလာပမြို့နယ်၌ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များအား ဆန်နှင့်ဆီများ ပေးအပ်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၁၂**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး အဖွဲ့ဝင်များသို့ ဆန်နှင့်ဆီများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး အဖွဲ့ဝင်များတက်ရောက်ကြသည်။

**ဆန်နှင့်ဆီထောက်ပံ့**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မြောက်ဥက္ကလာပမြို့နယ်နှင့် လှိုင်မြို့နယ်ရှိ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး အဖွဲ့ဝင်များသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် (ဝဲပုံ)နှင့် ဝန်ကြီးများက ဆန်နှင့်ဆီများ ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် ပြည်သူ့လုံခြုံရေးနှင့်အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်တစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

**သက်လွင်စိုး(ပြန်/ဆက်)**

# နောင်ချိုမြို့နယ်အတွင်းရှိ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများအား ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းနေအရွယ် ကလေးများအား တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အခြေခံပညာကျောင်း ရှစ်ကျောင်း ထပ်မံ ဖွင့်လှစ်နိုင်ခဲ့သဖြင့် နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်းပေါင်း ၆၁ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင် ကျောင်းသား ကျောင်းသူ ၉၅၆ ဦး ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၇၈၁၇ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။



ထို့အပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ(ဝဲပုံ) ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ ၈၉ ဦးတို့အား ၄က်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဒေသခံ တိုင်းရင်းသားပြည်သူ ၄၈ ဦးကို သွေးအမျိုးအစားစစ်ဆေးပေး၍ အမျိုးသားလေးဦးအား ၄က်ဖျားပိုးစစ်ဆေးပေးခြင်းနှင့် အမျိုးသမီးတစ်ဦးအား သွေးလွန်တုပ်ကွေးရောဂါ စစ်ဆေးပေးများ ဆောင်ရွက်ပေးသည်။ ယင်းအပြင် ပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် ၃၂ ဦး တက်ရောက် ဆေးကုသမှုခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# သာယာဝတီမြို့နယ်၌ လမ်းလုပ်ငန်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**သာယာဝတီ ဩဂုတ် ၁၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန(ရုံးချုပ်)မှ ပဲခူးတိုင်းဒေသကြီးတာဝန်ခံ၊ အင်ဂျင်နီယာချုပ် ဦးထွန်းဝေသည် သာယာဝတီခရိုင်မှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးသန်းမြတ်စိုး၊ သာယာဝတီမြို့နယ်မှ ဦးစီးအရာရှိ(မြို့ပြ) ဒေါ်ဝင်းဝင်းချိုတို့နှင့်အတူ ယမန်နေ့၌ သာယာဝတီမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် Myint & Co Engineering ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေသည့် ရန်ကုန်ပြည်လမ်း – မကျီးကွင်းလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေး၍ ကျောက်များအရွယ်အစား မှန်ကန်ရေး၊ အရည်အသွေးပြည့်မီရေးနှင့် QC စစ်ဆေးခြင်းလုပ်ငန်းများ စနစ်တကျ စစ်ဆေးဆောင်ရွက်ရန် မှာကြားခဲ့သည်။ **ခရိုင် (ပြန်/ဆက်)**

# မင်းဘူးမြို့နယ်အတွင်း ရေနံနှင့် ရေနံဓာတ်ငွေ့ရည် ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်နေမှုကွင်းဆင်းစစ်ဆေး

**မင်းဘူး ဩဂုတ် ၁၂**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရေနံနှင့် ရေနံဓာတ်ငွေ့ရည်ထုတ်လုပ်မှုလုပ်ငန်း လည်ပတ်ဆောင်ရွက်နေမှုအခြေအနေများကိုယနေ့နံနက်ပိုင်းက သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အဆင်ပြေစွာလည်ပတ်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဦးစွာ မင်းဘူးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအေးလွင်နှင့် အဖွဲ့ဝင်များသည် မင်းဘူးမြို့နယ် အမှတ်(၁) ရေနံဓာတ်ငွေ့ရည်စက်ရုံ(မင်းဘူး)သို့ရောက်ရှိပြီး စက်ရုံတာဝန်ရှိသူများနှင့် ဝန်ထမ်းများအားတွေ့ဆုံကာ မြို့နယ်အတွင်း ရေနံဓာတ်ငွေ့ရည် နေ့စဉ်ထုတ်လုပ်ဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်ပြီး သိရှိလို သည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ရေနံဓာတ်ငွေ့ရည်စက်ရုံ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုလုပ်ငန်းစဉ်များ၊ စက်ရုံတည်နေရာအကျယ်အဝန်းနှင့် မြေပိုင်ဆိုင်မှုအခြေအနေများ၊ စက်ရုံမှ နေ့စဉ်ရေနံဓာတ်ငွေ့ရည်ကုန်ကြမ်း၊ ကုန်ချောထုတ်လုပ်နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စက်ရုံဝန်ထမ်းများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ရေနံဓာတ်ငွေ့ရည်တိုးချဲ့ထုတ်လုပ်နိုင်ရေးကိစ္စရပ်များ၊ စက်ရုံလုံခြုံရေးနှင့် မီးဘေးလုံခြုံရေးဆိုင်ရာကိစ္စရပ်များ စနစ်တကျဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးမှာကြားပြီး ရေနံဓာတ်ငွေ့ရည်စက်ရုံအတွင်း ဓာတ်ငွေ့ရည်ထုတ်လုပ်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များနှင့် PDF အမည်ခံအဖွဲ့ဝင် ၁၀၄ ဦး လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

နေပြည်တော် ဩဂုတ် ၁၂

**နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ အဖွဲ့ဝင်များနှင့် PDF အမည်ခံအဖွဲ့မှ အဖွဲ့ဝင် အမျိုးသား ၁၀၀ နှင့် အမျိုးသမီး လေးဦး စုစုပေါင်း ၁၀၄ ဦးသည် လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။**



အဆိုပါ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှ အဖွဲ့ဝင်များနှင့် PDF အမည်ခံ အဖွဲ့များမှ အဖွဲ့ဝင်များသည် အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံ အဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက် လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုများကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အားစွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ်အတွင်းမှ DPLA အဖွဲ့ဝင် အမျိုးသား ၉၀ နှင့် အမျိုးသမီးနှစ်ဦး၊ NH PDF အဖွဲ့ဝင် အမျိုးသား သုံးဦး၊ KIA အဖွဲ့ဝင် အမျိုးသား တစ်ဦး၊ ကျောက်ဆည် PDF အဖွဲ့ဝင် အမျိုးသားတစ်ဦး၊ မိုးကုတ် PDF အဖွဲ့ဝင် အမျိုးသား တစ်ဦး၊ မန္တလေး PDF အဖွဲ့ဝင် အမျိုးသမီးတစ်ဦး၊ ပင်းတယမြို့နယ်အတွင်းမှ DPLA အဖွဲ့ဝင် အမျိုးသားနှစ်ဦး၊ နမ့်ဆန်မြို့နယ်အတွင်းမှ TNLA အဖွဲ့ဝင် အမျိုးသားတစ်ဦးနှင့် မိုးမိတ်မြို့နယ်အတွင်းမှ TNLA အဖွဲ့ဝင် အမျိုးသားတစ်ဦး၊ မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်အတွင်းမှ မန္တလေး PDF အဖွဲ့ဝင် အမျိုးသမီး တစ်ဦး၊ စုစုပေါင်း ၁၀၄ ဦးတို့ကို တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲ(ယာပုံ)ကို ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ပြင်ဦးလွင်တပ်နယ်ရှိ နယ်မြေခံ သင်တန်းကျောင်း၌ ပြုလုပ်ရာ ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည့် အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘများ တက်ရောက်ကြသည်။




ဦးစွာ တပ်နယ်မှ တာဝန်ရှိသူ တစ်ဦးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် Type-81 အမျိုးအစား သေနတ်တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည်တောင့် ၃၀၊ Type-82 အမျိုးအစား သေနတ်တစ်လက်၊ ၎င်းကျည်အိမ် နှစ်ခု၊ ၎င်းကျည်တောင့် ၂၁၀၊ MA-3 တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည် ၁၀ တောင့်၊ လက်ပစ်ဗုံးမျိုးစုံ ၁၂ လုံးတို့ကို လွှဲပြောင်းအပ်နှံရာ(**အပေါ်ပုံ**) တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး တာဝန်ရှိသူများက သေနတ်တစ်လက်လျှင် ဆုကြေးငွေကျပ် သိန်း ၅၀ နှုန်းဖြင့် သေနတ်သုံးလက်အတွက် ငွေကျပ်သိန်း ၁၅၀ နှင့် လက်ပစ်ဗုံးတစ်လုံးလျှင် ဆုကြေးငွေကျပ် ၃ သိန်းနှုန်းဖြင့် လက်ပစ်ဗုံး ၁၂ လုံးအတွက် ငွေကျပ် ၃၆ သိန်း စုစုပေါင်း ငွေကျပ် ၁၈၆ သိန်းနှင့် ထောက်ပံ့ပစ္စည်းများကို ပြန်လည်ထောက်ပံ့ပေးအပ်ရာ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများက လက်ခံရယူကြသည်။

ယင်းနောက် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ဝန်ခံကတိလက်မှတ် ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန် ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း အခုကဲ့သို့ ကြားသိရပါသည်-



**အမျိုးသမီး**

ကျွန်မက ခရီးသွားရင်းနဲ့ ကျွန်မဦးလေးက စစ်သားဆိုတော့မှ ကျွန်မကိုဖမ်းတာပေါ့။ ဖမ်းပြီးတော့မှ နင့်ဦးလေးက စစ်သား နင် PDF ထဲဝင်မှာလား။ မဝင်ရင် နင့်မိသားစုကို တစ်ခုခု လုပ်မယ်ဆိုပြီးတော့ ခြိမ်းခြောက်တာပေါ့။ ခြိမ်းခြောက်ပြီးတဲ့အခါကျတော့ မိသားစုကိုတော့ မလုပ်ပါနဲ့။ ကျွန်မပဲ အဲဒီအထဲ ဝင်မယ်ဆိုပြီးတော့မှ အနစ်နာခံပြီးတော့ အဲဒီအထဲဝင်သွားခဲ့တယ်။ ဝင်ပြီးတော့ အဲဒီမှာ သင်တန်းတွေ အတင်းတက်ခိုင်းတယ်။ တက်ခိုင်းပြီးတော့မှ သင်တန်းမှာ သင်တန်းဆင်းရင်းနဲ့ မူးလဲတာတောင်မှ ဘာမှမလုပ်ပေးဘူး။ မထူနဲ့ဘာညာ အဲဒီလို မျိုးပြောတယ်။ ပြီးတော့ ထမင်းစားရတာကျတော့လည်း အဆင်မပြေဘူး။ တစ်နေ့ကိုမှ နှစ်နပ်ပဲ ကျွေးတယ်။ ပြီးတော့ ထမင်းကလည်း အချိန်နဲ့စားရတာဆိုတော့ စားရတာ အဆင်မပြေဘူး။ ပြီးတော့ တစ်ခါတလေကြရင် ထမင်းသိုးတွေဘာတွေ စားရတာ။ သင်တန်းဆင်းပြီးတဲ့အခါကြတော့လည်း အဲဒီမှာနေပြီးတော့မှ ထမင်းတွေဘာတွေ ချက်ခိုင်းတယ်။ အလုပ်တွေ ဘာတွေ လုပ်ခိုင်းတယ်။ ပြီးတော့ တခြားနယ်တွေမှာ သူတို့ ရန်ပုံငွေရဖို့အတွက် မဲတွေဘာတွေ လိုက်ရောင်းခိုင်းတယ်။ တစ်နေကုန်လိုက်ရောင်းပြီး ပြန်လာတယ်။ ပြီးလို့ရှိရင် အဲဒီမဲကို သူတို့က ဖောက်ပေးလားဆိုမဲလည်း မဖောက်ပေးဘူး။ အဲဒီရဲ့ ပိုက်ဆံတွေကို အလွဲသုံးစားလုပ်တယ်။ အဲဒီလုပ်ရပ်တွေကိုလည်း ကျွန်မတို့က မကြိုက်ဘူး။ ပြီးတဲ့အခါကျတော့ ကင်းတွေဘာတွေလည်း စောင့်ရတယ်။ ကင်းတွေဘာတွေ စောင့်လို့ရှိရင်လည်း အရမ်းအေးတယ်။ အရမ်းအေးလို့ရှိရင် သူတို့က စောင်တွေဆိုလည်း လုံလုံလောက်လောက် မပေးဘူး။ ကျွန်မတို့ အဝတ်အစားတွေ၊ အနွေးထည်တွေမရှိဘူး။ အဲဒီလို မျိုးထားတယ်။ ပြီးလို့ရှိရင် ထမင်းစားရင်လည်း ဟင်းက မကောင်းဘူး။ အဲလိုမျိုးထားတယ်။ ပြီးတော့ အဲဒီလိုပဲ ဟင်းပေါ့ အဲလိုမျိုးတွေနဲ့ စားရတယ်။ အဲလို သူတို့ရဲ့လုပ်ရပ်တွေပေါ့။ သူတို့ရဲ့ အခုပိုက်ဆံ အလွဲသုံးစားလုပ်နေမှုတွေ၊ တခြားလုပ်ရပ်တွေပေါ့။ သူများဟာတွေကို အနိုင်ကျင့်နေမှုတွေ၊ သူများပိုက်ဆံတွေကို လိမ်ပြီးတော့မှ ပြည်သူ့အတွက် လုပ်နေပါတယ်ဆိုပြီးတော့မှ အဲလိုမျိုးတွေ ပြောနေတာပေါ့။ အဲဒီလိုမျိုးတွေကိုလည်း ကျွန်မတို့မကြိုက်တဲ့အတွက် အဲ့ထဲကနေ ထွက်ပြေးပြီးတော့ ဒီဘက်ကို အလင်းလာဝင်ခြင်းဖြစ်ပါတယ်။ အခု ကျန်ရှိနေတဲ့ အဖွဲ့သားတွေ၊ ကျန်တဲ့သူတွေရော ကျွန်မတို့လို အနိုင်ကျင့်ခံရတာကို ပြီးတော့ အတင်းအဓမ္မ ခေါ်ခံရတာမျိုးတို့ ရှိတဲ့သူတွေလည်း ရှိကြတယ်။ အဲ့လိုရှိတဲ့သူတွေလည်း တပ်မတော်ဘက်က အလင်းဝင်တဲ့သူတွေကို နွေးနွေးထွေးထွေးကြိုဆိုပါတယ်။ ကျွန်မကိုလည်း တပ်မတော်က အလင်းဝင်တဲ့အတွက် ဘာမှမလုပ်ဘူး။ ကောင်းကောင်းမွန်မွန်ပဲထားတယ်။ ကောင်းကောင်းမွန်မွန်ပဲ မိဘလက်ထဲပြန်အပ်တယ်။ အဲတာကြောင့်မို့ ကျန်ရှိနေတဲ့သူတွေကိုလည်း တပ်မတော်ထဲမှာ အမှားကိုသိပြီး အမှန်ကိုပြန်ပြင်နိုင်အောင်လို့ တပ်မတော်ထဲကို အလင်းဝင်ပါလို့ ကျွန်မက ပြောချင်ပါတယ်။



**အမျိုးသား**

အကြမ်းဖက် TNLA ထဲ ရောက်လာတဲ့ အကြောင်းရင်းကတော့ ကျွန်တော်တို့ရွာကို လာပြီးတော့ အဓမ္မအတင်းဆွဲခေါ်တာပေါ့။ တချို့က မင်းတို့မလိုက်ရင် မင်းတို့မိဘကို ခေါ်သွားမယ်၊ အိမ်တွေကို မီးရှို့မယ်လို့ ခြိမ်းခြောက်ပါတယ်။ ဒါကြောင့် မိသားစုကို ငဲ့ပြီးတော့ ကျွန်တော် အဲဒီအဖွဲ့ထဲကို ရောက်သွားပါတယ်။ အဲဒီမှာ အစားလည်း ဆင်းရဲတယ်။ အနေလည်း ဆင်းရဲတယ်။ ဆေးဝါးလည်း မပြည့်စုံဘူး။ လေ့ကျင့်ခန်းလည်း ကြမ်းကြမ်းတမ်းတမ်းလည်း လုပ်ရတယ်။ အသက်ကြီးပိုင်းတွေဆိုရင် လေ့ကျင့်ခန်း မလုပ်နိုင်ရင် ရိုက်တယ်။ ဆူတယ်၊ ကန်တယ်၊ ရေထဲစိမ်တယ်။ တချို့ဆို မူးလဲတယ်။ ပြန်မထူခိုင်းဘူး ဒီအတိုင်းပဲ ထားခိုင်းတယ်။ တချို့ဆိုရင် နေပူလှန်းလို့ လှုပ်ရင် သေနတ်တွေနဲ့ ခြိမ်းခြောက်တာပေါ့။ မင်းတို့ကို ပစ်သတ်လို့ရတယ်။ ငါတို့အဖွဲ့အစည်းမှာ လူသတ်ပိုင်ခွင့်ရှိတယ်ဆိုပြီး ခြိမ်းခြောက်ပါတယ်။ တချို့ထွက်ပြေးတဲ့ ရဲဘော်တွေလည်းရှိတယ်။ သင်တန်းကွင်းမှာ စိတ်ပင်ပန်းလို့ ပြန်မိရင် ရိုက်တယ်၊ နှက်တယ်၊ ထုတယ်။ မင်းတို့ ဘာကြောင့်ထွက်ပြေးတာလည်းလို့ မေးတယ်။ မင်းတို့ အာဏာရှင်တိုက်ထုတ်ဖို့ ဝင်လာတာမဟုတ်ဘူးလားလို့ မေးတယ်။ ကျွန်တော်တို့ အမြင်မှာတော့ ဒီသင်တန်းကွင်းမှာ လေ့ကျင့်ခန်းလုပ်ခိုင်းတာ အာဏာရှင်ထက်ဆိုးနေတာပေါ့။ ရိုက်တယ်၊ ကြမ်းတယ်ပြောတော့ အာဏာရှင် မကြိုက်ဘူးလေး ဘာလေးနဲ့ တကယ်တမ်းအာဏာရှင်က သူတို့ဖြစ်နေတယ်။ TNLA အဖွဲ့နဲ့ DPLA အဖွဲ့မှာဆိုရင် ဒီအဖွဲ့အစည်းလည်း သိပ်မရှိတော့ဘူးပေါ့နော်။ အလင်းဝင်ချင်တဲ့ သူတွေလည်းရှိတယ်။ ထွက်ပြေးလွတ်မြောက်တဲ့ ရဲဘော်တွေလည်း ရှိတယ်။ တပ်မတော်ထဲ အလင်းဝင်လာဖို့ ဖိတ်ခေါ်ပါတယ်။ တပ်မတော်က ညှဉ်းပန်းနှိပ်စက်တာတွေမရှိဘူး။ သူတို့ပြောခဲ့သမျှဟာတွေ ဘာမှမဟုတ်ဘူး။ နွေးနွေးထွေးထွေး ကြိုဆိုပါတယ်။ ရှေ့ဆက်ပြီး အလင်းဝင်ပြီးတော့ ကျွန်တော်တို့ ကျောင်းတက်ချင်တဲ့ ရဲဘော်တွေလည်း ကျောင်းနေလို့ရတယ်။ မိဘနဲ့ လွတ်လွတ်လပ်လပ် နေအိမ်မှာ တောင်ယာလုပ်စားချင်လည်းရတယ်။ ဘာမှကြောက်စရာမလိုဘူး။ အေးအေးဆေးဆေး ဖော်ဖော်ရွေရွေပဲ အစားအသောက်ကောင်းလည်း ကျွေးတယ်။ ဒါကြောင့်မို့ အလင်းဝင်ရောက်ဖို့ရာ ဖိတ်ခေါ်ပါတယ်။

**သတင်းစဉ်**

# အေအိုင်အဆင့်မြင့်နည်းပညာဖြင့် မသန့်ရှင်းသောအစားအစာများကို ရှာဖွေဖော်ထုတ်ပြီး လူ့အသက်များကို ကယ်တင်နိုင်ကြောင်း ရှာဖွေတွေ့ရှိ



**ကင်ဘာရာ ဩဂုတ် ၁၂**

ဩစတြေးလျ သိပ္ပံပညာရှင်များ ဦးဆောင်သော သုတေသနပြုချက်အရ ဉာဏ်ရည်တု (AI) သည် စားသုံးသူများထံ အစားအစာများမရောက်မီ အဆိပ်အတောက်၊ ရောဂါပိုးမွှားများဖြင့်ပြည့်နေသည့် မသန့်ရှင်းသောအစားအစာများကို ရှာဖွေတွေ့ရှိနိုင်ကြောင်း၊ ထိုသို့ရှာဖွေတွေ့ရှိမှုကြောင့် နှစ်စဉ်လူသေဆုံးမှု သန်းချီဖြစ်ပွားမှုကို လျှော့ချကာကွယ်ပေးနိုင်ကြောင်း သိရသည်။

အဆင့်မြင့်နည်းပညာများဖြင့် မှိုအဆိပ်အတောက်ဖြစ်နေမှုကို လျင်မြန်တိကျစွာ သိရှိနိုင်သည်ဟု သုတေသီများက ပြသခဲ့သည်။

မှိုအဆိပ်အတောက်များသည် ကင်ဆာ၊ ခုခံအားကျဆင်းမှု၊ ဟော်မုန်းချို့ယွင်းမှုများနှင့် ဆက်စပ်နေသည်။

မှိုအဆိပ်အတောက်ဖြစ်မှုများအပါအဝင် အစားအစာ မသန့်ရှင်းမှုကြောင့် ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်ဖျားနာမှု သန်း ၆၀၀ နှင့် သေဆုံးမှု ၄ ဒသမ ၂ သန်းရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောသည်။

**ဆင်ဟွာ**

# အမေရိကန်နိုင်ငံ ပန်ဆယ်ဗေးနီးယားပြည်နယ် စတီးစက်ရုံ၌ ပေါက်ကွဲမှုဖြစ်ပွား

## ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်ရေးများ ဆက်လက်လုပ်ဆောင်လျက်ရှိ

**ဝါရှင်တန် ဩဂုတ် ၁၂**

ပန်ဆယ်ဗေးနီးယား ပြည်နယ် အမေရိကန် စတီးစက်ရုံတွင် ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက ပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံးလျက်ရှိကာ ၁၀ ဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံရဲများက ပြောသည်။



ပစ်ဘာ့မြို့ အနီးရှိ Clairton Coke Works တွင် ပေါက်ကွဲမှုဖြစ်ပွားပြီးနောက်တက်လာသောမီးခိုးများကို ဗီဒီယိုဖိုင်တစ်ခုတွင် တွေ့မြင်နိုင်သည်။

ပန်ဆယ်ဗေးနီးယား ပြည်နယ် အုပ်ချုပ်ရေးမှူး ဂျော့ရှာပီရိုက ပေါက်ကွဲမှု အများအပြားဖြစ်ပွားခဲ့သည်ဟု လူမှုမီဒီယာပို့စ်တစ်ခုတွင် ပြောကြားခဲ့သည်။

အဆိုပါနိုင်ငံအတွင်း အကြီးဆုံးစက်ရုံ တစ်ရုံဖြစ်ပြီး တစ်ရက်လျှင် လူပေါင်း ၁၃၀၀ ခန့် အလုပ်လုပ်သည်ဟု ကုမ္ပဏီက ပြောသည်။

အပျက်အစီးများအောက်တွင် ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်ရေးများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

အမေရိကန်စတီးသည် ဂျပန်နိုင်ငံနိပွန်စတီး၏ ရာနှုန်းပြည့်ပိုင်ဆိုင်သော လုပ်ငန်းခွဲဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ဂျပန်နိုင်ငံ ကျူးရှူးဒေသတွင် မိုးသည်းထန်စွာရွာသွန်း သုံးဦးသေဆုံး၊ သုံးဦးဒဏ်ရာရ

**တိုကျို ဩဂုတ် ၁၂**

ဂျပန်နိုင်ငံ ကျူးရှူးဒေသတွင် ဩဂုတ် ၁၂ ရက်က စံချိန်တင်မိုးရွာသွန်းခဲ့သောကြောင့် ကာဂိုရှီးမား၊ ကူမာမိုတိုနှင့် ဖူကူအိုကာ စီရင်စုများတွင် သုံးဦးသေဆုံးခဲ့သည်ဟု ဒေသတွင်းမီဒီယာများက ဖော်ပြထားသည်။

မြေပြိုမှုများနှင့် မြစ်ရေလျှံမှုများတွင် လူများပိတ်မိသေဆုံးခဲ့ခြင်းဖြစ်သည်ဟု ဒေသအာဏာပိုင်များက ဖော်ပြခဲ့သည်။ ထို့ပြင် အီရှိကာဝစီရင်စုတွင် လမ်းပြိုကျမှုကြောင့် ယာဉ်တစ်စီး ပြုတ်ကျခဲ့ပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

မိုးသည်းထန်စွာရွာသွန်းမှုသတိပေးချက်များ ထုတ်ပြန်ထားပြီး အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များက ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

**ဆင်ဟွာ**



# ဂါဇာ၌ အာဟာရချို့တဲ့မှုကြောင့် သေဆုံးကလေးငယ် ၁၀၀ ကျော်လာသည့်အတွက် အမြန်ဆုံးဖြေရှင်းဆောင်ရွက်ရန် ကုလသမဂ္ဂတောင်းဆို

**ဂါဇာ ဩဂုတ် ၁၂**

ပဋိပက္ခစတင်ဖြစ်ပွားချိန် ၂၀၂၃ ခုနှစ် အောက်တိုဘာမှစကာ အာဟာရချို့တဲ့မှုကြောင့် ကလေးငယ် ၁၀၀ ကျော် သေဆုံးပြီးဖြစ်ကြောင်း ဂါဇာကျန်းမာရေးအာဏာပိုင်များက ထုတ်ပြန်လိုက်ပြီးနောက် ယင်းကိစ္စရပ်နှင့်ပတ်သက်ပြီး အမြန်ဆုံးဖြေရှင်းဆောင်ရွက်ကြရန် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့များက ဩဂုတ် ၁၁ ရက်တွင် တောင်းဆိုထားသည်။



ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်က ကလေးငယ် ၃၀၀၀၀၀ ကျော်မှာ အလွန်အမင်း အန္တရာယ်ရှိသည့်အခြေအနေနှင့် ရင်ဆိုင်နေကြရဆဲဖြစ်ပြီး ဂါဇာလူဦးရေ၏ သုံးပုံတစ်ပုံကျော်မှာလည်း အစားမစားရသည်မှာ ရက်ပေါင်းများစွာကြာမြင့်နေပြီဖြစ်ကြောင်း ပြောသည်။

ဂါဇာကမ်းမြောင်တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စားရေရိက္ခာ ထောက်ပံ့ကူညီမှု လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် လစဉ်လတိုင်း တန်ချိန် ၆၂၀၀၀ ကျော် လိုအပ်လျက်ရှိကြောင်း၊ လက်ရှိအချိန်အထိ ဂါဇာဒေသ လူဦးရေနှစ်သန်း၏ အသက်ရှင်ရပ်တည်နိုင်ရေးအတွက် လုံလောက်သော ထောက်ပံ့ကူညီမှုများ သယ်ဆောင်ခွင့်ပြုထားခြင်း မရှိသေးကြောင်း သိရသည်။

အစ္စရေး အာဏာပိုင်များက နေ့စဉ်ပျမ်းမျှ စက်သုံးဆီ လီတာ ၁၅၀၀၀၀ ခန့်ကိုသာ သယ်ဆောင်ခွင့်ပြုထားသည်ဟု ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး(အိုစီအိတ်ချ်အေ) က ပြောသည်။ ယင်းပမာဏမှာ အသက်ကယ်စောင့်ရှောက်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် အနည်းဆုံးပမာဏထက် အများကြီးလျော့နည်းနေသေးကြောင်း သိရသည်။ ပါလက်စတိုင်းအရပ်ဘက်ကာကွယ်ရေးအဖွဲ့က ဂါဇာကမ်းမြောင်တစ်ဝန်း လည်ပတ်ဆောင်ရွက်လျက်ရှိသော လူနာတင်ယာဉ်ထက်ဝက်ကျော်မှာ စက်သုံးဆီနှင့် အပိုပစ္စည်းများ ပြတ်တောက်မှုကြောင့် ရပ်နားထားရကြောင်း ပြောသည်။

**ဆင်ဟွာ**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံက အထွေထွေရွေးကောက်ပွဲကာလအတွင်း တပ်ဖွဲ့ဝင် ၈၀၀၀၀ ကျော် ဖြန့်ကြက်ချထားမည်

**ဒါကာ ဩဂုတ် ၁၂**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လာမည့်နှစ် ဖေဖော်ဝါရီလတွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကာလအတွင်း ဘေးကင်းလုံခြုံရေးအတွက် အရပ်ဘက်စီမံအုပ်ချုပ်ရေးအဖွဲ့ကို ပံ့ပိုးကူညီရန် ဘင်္ဂလားဒေ့ရှ်တပ်မတော်မှ တပ်ဖွဲ့ဝင် ၈၀၀၀၀ ကျော် ဖြန့်ကြက်ချထားသွားမည်ဖြစ်ကြောင်း အကြံပေးတစ်ဦးက ဩဂုတ် ၁၁ ရက်တွင် ပြောသည်။

### အခြားတပ်ဖွဲ့များကိုလည်း ဖြန့်ကြက်ချထားမည်

ထို့ပြင် ရွေးကောက်ပွဲကာလအတွင်း ဘေးကင်းလုံခြုံမှုရှိစေရန် ရဲတပ်ဖွဲ့ဝင်များ၊ နယ်ခြားစောင့်တပ်ဖွဲ့များနှင့် အခြားတပ်ဖွဲ့များကိုလည်း ဖြန့်ကြက်ချထားသွားမည်ဖြစ်ကြောင်း နိုင်ငံ၏မြို့တော်ဒါကာတွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြည်ထဲရေးအကြံပေး ဂျာဟန်ဂါအလမ်ချောင်ဒူရီက ပြောသည်။

### ရွေးကောက်ပွဲကော်မရှင်ကို ညွှန်ကြားထား

ယမန်နှစ်က ဝန်ကြီးချုပ် ရှိတ်ချ်ဟာစီနာကို ဖြုတ်ချပြီးနောက်ပိုင်း ပထမဆုံးအကြိမ် အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် အကြံပေးအရာရှိချုပ် မူဟာမက်ယူနွတ်စ်က ရွေးကောက်ပွဲကော်မရှင်ကို ညွှန်ကြားထားသည်။

**ဆင်ဟွာ**

# တရားမဝင် စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၂**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၁၀ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ MAI Airlines လေယာဉ်ခရီးစဉ်အမှတ် 8M-234 /SF – 7501 ဖြင့် စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံသို့ လိုက်ပါလာသည့် မြန်မာနိုင်ငံသားခရီးသည်တစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့်လူသုံးကုန်ပစ္စည်း ခုနစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၃၈၇၈၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် သာယာကုန်းကျေးရွာအနီး၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၂၄၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး၊ Isuzu Giga Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၂၄၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၁၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် ရွှေသတ္တု တူးဖော်ရာတွင် အသုံးပြုသည့် ခြောက်လက်မ သံပိုက်လုံး ၄၅ လုံး အပါအဝင်



ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှု။

ဆက်စပ်ပစ္စည်းအမျိုး ၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၉၀၀၀၀၀၀) ကို မြန်မာ့သတ္တုတွင်းဥပဒေအရလည်းကောင်း၊ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အိန္ဒိယနိုင်ငံထုတ်စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ကလေးမြို့ တာဟန်းရပ်ကွက်၌ တရားမဝင်စက်သုံးဆီ၊ ဒီဇယ်ဆီ ဂါလန် ၅၀၊ ဓာတ်ဆီ ၈၅ ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၂၈၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၄၂၈၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ဖြူးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၁၁၆၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၁၁၁၆၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဟိုပုံးတပ်နယ်အတွင်း၌ ဖမ်းဆီးရမိခဲ့သော မော်တော်ယာဉ်များတွင် တင်ဆောင်လာသော တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၅၇ မျိုး၊ လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၇၁၅၈၅၄၅) ကိုလည်းကောင်း၊ မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့လူသုံးကုန်ပစ္စည်း ၁၀၂ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၀၇၅၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၀၆၆၀၄၅ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဩဂုတ် ၁၁ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှု စာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ်ငါးစီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၂၉ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၄ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၂၉၉၃၄၄၅)ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင် ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက် ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

✪ *ကျောဖုံးမှ*

အမှတ်မရသေးပေ။ ပြိုင်ပွဲစည်းမျဉ်းအရ အုပ်စုတွင်း ရမှတ်တူပါက Head to Head စည်းမျဉ်းဖြင့် ဆုံးဖြတ်မည်ဖြစ်ရာ မြန်မာအသင်းအနေဖြင့် ဆီမီးဖိုင်နယ် တက်ရောက်ရန် အခွင့်အရေးများသွားခဲ့သည်။ မြန်မာအသင်းသည် အနိုင် သို့မဟုတ် သရေကျပါက အုပ်စုပထမဖြင့် ဆီမီးဖိုင်နယ်တက်ခွင့်ရမည်ဖြစ်ပြီး အရေးနိမ့်လျှင်လည်း တစ်ဂိုးအကွာဖြင့် ရှုံးနိမ့်ပါက နောက်တစ်ဆင့်တက်ခွင့်ရမည်ဖြစ်သလို နှစ်ဂိုးနှင့်အထက် ဂိုးပြတ်ရှုံးနိမ့်မှသာ အုပ်စုအဆင့်မှ ထွက်ရမည်ဖြစ်သည်။ ယခုပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ပြသနေသည့် ကစားပုံနှင့် စွမ်းဆောင်ရည်ကြောင့် ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရရန် အခွင့်အရေးများနေသည်။ မြန်မာအသင်းသည် အုပ်စုပွဲများတွင် ဩစတြေးလျအသင်းကို နှစ်ဂိုး–တစ်ဂိုး၊ တီမောအသင်းကို သုံးဂိုးပြတ်တို့ဖြင့် အနိုင်ရထားပြီး ဖိလစ်ပိုင်အသင်းမှာမူ တီမောအသင်းကို ခုနစ်ဂိုးပြတ် အနိုင်ရထားသော်လည်း ဩစတြေးလျအသင်းကို တစ်ဂိုး – ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသည်။

အုပ်စု (က) ပွဲစဉ်များမှာ ဩဂုတ် ၁၂ ရက်က ပြီးဆုံးခဲ့ပြီး အိမ်ရှင် ဗီယက်နမ်အသင်းနှင့် ထိုင်းအသင်းတို့ ဆီမီးဖိုင်နယ် တက်ရောက်ထားပြီးဖြစ်သည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၁၆ ရက် ဗိုလ်လုပွဲနှင့် တတိယလုပွဲကို ဩဂုတ် ၁၉ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**အလင်းအိမ်**

**ဓာတ်ပုံ–MFF**

# နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၂**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၈ ရက်မှ ၁၀ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၂၂ ဒသမ ၀၇၄၇ တန်၊ သစ်မာ ၉ ဒသမ ၄၆၉၀ တန်၊ အခြား ၃၅ ဒသမ ၁၄၀၆ တန် စုစုပေါင်း ၆၆ ဒသမ ၆၈၄၃ တန်၊ ယာဉ်/ယန္တရား ခြောက်စီး၊ တရားခံ ၂၉ ဦး ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံသစ်တောဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**



✻ *ကျောဖုံးမှ*

Fight Of The Year ဆုစာရင်းတွင် ပါဝင်လာခြင်းဖြစ်သည်။ ဂျိုရှုအာဗန်နှင့် ဘရန်ဒန်ရွိုင်ဗယ်ပွဲကို UFC-317 ပြိုင်ပွဲ၏ အကောင်းဆုံးတွဲဆိုင်းအဖြစ် သတ်မှတ်ခံရသလို ဇွန်လအတွင်း UFC က ကျင်းပသည့်ပွဲများတွင်လည်း အကောင်းဆုံးပွဲ (Fight of the Month) အဖြစ် ရွေးချယ်ခံခဲ့ရသည်။ Break-through Fighter Of The Year ဆုစာရင်းတွင်မူ ဂျိုရှုအာဗန်သည် အခြားအားကစားသမား လေးဦးနှင့်အတူ ပါဝင်နေပြီး မြန်မာပရိသတ်နှင့် မစိမ်းသည့် ဒီရစ်ဒါလည်း ပါဝင်နေသည်။ ဂျိုရှုအာဗန်သည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝ ၁၅ ပွဲထိုးသတ်ရာတွင် ၁၃ ပွဲအထိ အနိုင်ရထားပြီး နောက်ဆုံးငါးပွဲဆက်တိုက် အနိုင်ရထားသူဖြစ်သည်။ နာမည်ကျော် တိုက်ခိုက်ရေးအဖွဲ့အစည်း UFC နှင့် ၂၀၂၃ ခုနှစ်တွင် စတင်လက်တွဲခဲ့ပြီး ရှစ်ပွဲထိုးသတ်ရာတွင် ခုနစ်ပွဲအထိ အနိုင်ရထားကာ နောက်ဆုံးထိုးသတ်သည့်ပွဲတွင် ဘရန်ဒန်ရွိုင်ဗယ်ကို အနိုင်ရခဲ့သဖြင့် ယခုနှစ်အတွင်း ဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်လုပွဲ ထိုးသတ်ခွင့်ရရှိမည်ဖြစ်သည်။

ဘက်စုံကိုယ်ခံပညာသုံး MMA ဖိုက်တာများအတွက် ဂုဏ်သိက္ခာမြင့်မားသည့် ဆုဖြစ်ပြီး ယခုနှစ်တွင် ဆုအမျိုးအစားစုစုပေါင်း ၂၃ ခုအထိ ချီးမြှင့်မည်ဖြစ်သည်။ ဆုများကို ပရိသတ်များ၏ ဆန္ဒမဲဖြင့် ရွေးချယ်ခြင်းဖြစ်ပြီး ၂၀၂၄ ခုနှစ် ဇူလိုင်လမှ ၂၀၂၅ ခုနှစ် ဇွန်လအတွင်း ထိုးသတ်ခဲ့သည့် ပွဲများမှ စွမ်းဆောင်ရည်များအပေါ် မူတည်၍ ဆုအမျိုးအစားအလိုက် ဆန်ခါတင်စာရင်းများ ထုတ်ပြန်ခြင်းဖြစ်သည်။ ၂၀၁၈ ခုနှစ်က ချီးမြှင့်သည့် World MMA Awards တွင် နာမည်ကြီး မြန်မာဖိုက်တာ အောင်လအန်ဆန်က International Fighter Of The Year ဆု ရရှိခဲ့သည်။

**ညီမြတ်သော်တာ**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ။**

# သံလွင်မြစ်နှင့် စစ်တောင်းမြစ်တို့၏ မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၁၂**

ယနေ့ နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသည်။

ထို့အပြင် စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခွဲခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## မြစ်သားမြို့နယ်၌ မိုးစပါးသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေး ကြည့်ရှုစစ်ဆေး



**မြစ်သား ဩဂုတ် ၁၂**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ ၂၀၂၅ - ၂၀၂၆ ခုနှစ် မိုးစပါးသီးနှံများ စိုက်ပျိုးခြင်းဖြင့် ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် ဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ရွာသစ်ကျေးရွာရှိ ရွာသစ်စိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်း သမဝါယမ အသင်း အသင်းပိုင်လယ်ယာမြေ ကွင်းအမှတ်(၄၄၂/၄၅၈)ရှိ မိုးစပါးသီးနှံစိုက်ဧက ၂၂ ဒသမ ၀၇ ဧကတို့ကို ယမန်နေ့က ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး သမဝါယမ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဇော်ဦးက တောင်သူဦးကြီးများအား မိုးစပါးသီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် ပန်းတိုင်အထွက်နှုန်း ရရှိစေရေးအတွက် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ သွင်းအားစုများ သုံးစွဲမှုနည်းစနစ်မှန်ကန်စေရေး၊ အချိန်ကိုက်ရေရရှိရေးနှင့် နည်းပညာရယူနိုင်ရေးကို သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး မိုးစပါးသီးနှံစိုက် အသင်းသားတောင်သူများက သိရှိလိုသည်များကို မေးမြန်းရာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

**ဝါဝါမြင့်(မြစ်သား)**

## ဒိုက်ဦးမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပန်းရန်သင်တန်းဖွင့်

**ဒိုက်ဦး ဩဂုတ် ၁၂**

ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် ကျွမ်းကျင်လုပ်သားများ ပေါ်ပေါက်လာစေရန် ရည်ရွယ်၍ ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပန်းရန်သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ မြို့နယ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဆက်နိုင်ထွန်းက အမှာစကားပြောကြားပြီး သင်တန်းကို ဒိုက်ဦးမြို့နယ်အတွင်းရှိ နှင်းဝိကျေးရွာ၊ သပြေတန်းကျေးရွာနှင့် ရွှေညောင်ပင်ကျေးရွာတို့မှ ပန်းရံအတတ်ပညာကို စိတ်ဝင်စားသော သင်တန်းသား ၂၀ ကို ပြင်ပကျွမ်းကျင်နည်းပြများဖြင့် အခြေခံပန်းရန်နည်းပညာများအပြင် တည်ဆောက်ရေးပစ္စည်းများ အသုံးပြုနည်းနှင့် ဘေးအန္တရာယ်



ကင်းရှင်းရေးဆိုင်ရာ နည်းလမ်းများကိုပါ စာတွေ့ လက်တွေ့ နှစ်မျိုးဖြင့် ဩဂုတ် ၁၁ ရက်မှ ၂၅ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သော်ဇင်ထူး**

## လျှပ်စစ်မီတာယူနစ်ပျောက်ဆုံးမှု လျော့နည်းစေရေး ကွင်းဆင်းစစ်ဆေး



**မင်းဘူး ဩဂုတ် ၁၂**

မင်းဘူးမြို့၌ လျှပ်စစ်မီတာယူနစ်ပျောက်ဆုံးမှု လျော့နည်းစေရေး၊ ဌာနဝင်ငွေ တိုးတက်စေရေးနှင့် လျှပ်စစ်အန္တရာယ် ကင်းဝေးစေရေးအတွက် အိမ်သုံး၊ လုပ်ငန်းခွင်သုံးမီတာများ စစ်ဆေးခြင်းကို ယမန်နေ့က မြို့ပေါ်ရပ်ကွက်များအတွင်း ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်နှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးတို့မှ ဝန်ထမ်းများနှင့် ပူးပေါင်းအဖွဲ့များက မင်းဘူးမြို့ပေါ်ရှိ လူနေအိမ်များ၊ စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းခွင်များ၌ သုံးစွဲနေသော စီတီမီတာ၊ ပါဝါမီတာ၊ အိမ်သုံးမီတာများကို တရားမဝင် ဓာတ်အားသုံးစွဲမှု မရှိစေရေး၊ ဓာတ်အားသုံးစွဲမှု စနစ်တကျရှိစေရေးနှင့် လျှပ်စစ်မီးလိုင်းများ စနစ်တကျသွယ်တန်းတပ်ဆင် အသုံးပြုစေရေးတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **မောင်မောင်(မင်းဘူး)**

## ငဖဲမြို့နယ်၌ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ငဖဲ ဩဂုတ် ၁၂**

ငဖဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ပြည်သူ့စာကြည့်တိုက် ခန်းမ၌ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲ၊ ဉာဏ်စမ်းပြိုင်ပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယုယုသိန်းက ၂၀၂၅ ခုနှစ် ဩဂုတ် ၁၂ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ်ဖြစ်ပေါ်လာပုံ သိကောင်းစရာများ၊ လူငယ်နှင့် ဗလငါးတန်ဖွံ့ဖြိုးရေး၊ အသိပညာဗဟုသုတ တိုးပွားစေရေး၊ သုတရသစာအုပ်စာစောင်များကို လေ့လာဖတ်ရှုရေးနှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ အကြောင်းအရာများကို အသိပညာပေး ဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသက်နောင်ထွန်းက လူငယ်နှင့်ပညာရေး



ခေါင်းစဉ်ဖြင့် အသိပညာပေး ဆွေးနွေးပြောကြားပြီး ကလေးအလုပ်သမား ပပျောက်ရေးနှင့် လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**မယု(ငဖဲ)**

## မိုင်းပျဉ်းအထက၌ ပုံပြင်ပြောပြိုင်ပွဲကျင်းပ

**မိုင်းပျဉ်း ဩဂုတ် ၁၂**

မိုင်းပျဉ်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ စာကြည့်တိုက်အသုံးပြု၍ ပုံပြင်ပြောပြိုင်ပွဲကို ယမန်နေ့က အဆိုပါကျောင်း နဝဒေးခန်းမ၌ ကျင်းပသည်။

ဦးစွာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာခိုင်က အမှာစကားပြောကြားပြီး ပြိုင်ပွဲများကို ကျင်းပရာ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြသည်။ ထို့နောက် ဆုရရှိသူများအား ကျောင်းအုပ်ဆရာမကြီး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် အထက်တန်းပြဆရာမတစ်ဦးက ဆုများချီးမြှင့်ပေးအပ်သည်။

**နန်းသန္တာဦး(ပြန်/ဆက်)**



## ကျိုက်ထိုမြို့နယ်၌ ကလေးအလုပ်သမားဆိုင်ရာ အသိပညာပေးဟောပြောပွဲပြုလုပ်

**ကျိုက်ထို ဩဂုတ် ၁၂**

ကျိုက်ထိုမြို့နယ်၌ ကလေးအလုပ်သမားဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ဟောပြောပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာလွင်က အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးကော်မတီမှ ထုတ်ပြန်ထားသည့် ဥပဒေများနှင့်အညီ ကူညီစောင့်ရှောက်ပေးသွားမည်ဖြစ်ကြောင်း၊ ကလေးငယ်များ ပြစ်မှုတစ်စုံတစ်ရာကျူးလွန်ပါက အသက်အရွယ်အလိုက် အသက်မွေးပညာကျောင်းများသို့ ပို့ဆောင်၍ အသက်မွေးပညာရပ်များကို သင်ကြားပို့ချလျက်ရှိကြောင်းတို့ကို ရှင်းလင်းဟောပြောသည်။

အဆိုပါ ဟောပြောပွဲသို့ လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ စက်ရုံ၊ အလုပ်ရုံများမှ တာဝန်ရှိသူများ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**



## အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် အားကစားနှင့်လူငယ်ရေးရာ အသိပညာပေးဟောပြော

**မှော်ဘီ ဩဂုတ် ၁၂**

မှော်ဘီမြို့နယ်၌ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် အားကစားနှင့်လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့က အခြေခံပညာအထက်တန်းကျောင်း(သန္ဓေပင်)ကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သန္ဓေပင်အထကမှ ကျောင်းသား ကျောင်းသူများက အနာဂတ်လူငယ်အတွက် လူရည်မွန်သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားမှူး ဦးဇော်ဇော်နိုင်က လူငယ်နှင့် ဗလငါးတန်ဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ စာရေးဆရာ မောင်ချိုဝေက ဉာဏ်ပညာ ဘယ်ကရမှာလဲ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးစန်းဝင်းက ဘဝတိုးတက်ရေး အောင်မြင်လိုသူများအတွက် နည်းလမ်းကောင်းများ ခေါင်းစဉ်ဖြင့်လည်းကောင်း ပြောကြားကာ “စာပေနှင့် အားကစား အလေးထား လူငယ်အနာဂတ်အား”ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့် ဆုများချီးမြှင့်ခြင်းနှင့် ပိုက်ကျော်ခြင်း၊ ဘောလုံးအားကစားပစ္စည်းများပေးအပ်ပြီး ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကားပြောကြားသည်။

**ဝင်းဇော်(ပြန်/ဆက်)**

## ကမ္ဘာ့ဆင်များနေ့ကို ဆင်စာဘူဖေးကျွေးခြင်းများဖြင့် ဆင်စခန်းအသီးသီး၌ ကျင်းပ



**ညောင်ဦး ဩဂုတ် ၁၂**

ဩဂုတ် ၁၂ ရက်တွင် ကျရောက်သော ကမ္ဘာ့ဆင်များနေ့အထိမ်းအမှတ် ဂုဏ်ပြု အခမ်းအနားကို မြန်မာပြည်အရပ်ရပ်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွင့်လှစ်ထားရှိသည့် ဆင်စခန်း ၂၂ ခု၌ ဆင်စာဘူဖေးကျွေးခြင်းများဖြင့် ကမ္ဘာ့ဆင်များနေ့ကို ကြိုဆိုခဲ့ကြကြောင်း ပလင်းကမ်းသာယာဆင်စခန်း တာဝန်ခံ ဦးချစ်ကိုကိုထံမှ သိရသည်။

မန္တလေးတိုင်းဒေသကြီး ညောင်ဦး မြို့နယ် ပလင်းကမ်းသာယာဆင်စခန်းရှိ ဆင်များအား ဆင်စာဘူဖေးကျွေးမွေးခြင်း၊ ပလင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား ဆင်များအကြောင်း၊ အာဖရိကဆင်နှင့် အာရှဆင်များ၏ မတူကွဲပြားမှု အမူအကျင့်များ၊ မြန်မာ့ဆင်များ ထိန်းသိမ်းထားရှိမှုတို့ကို ကျောင်းသား ကျောင်းသူများအား ပလင်းကမ်းသာယာ ဆင်စခန်း တာဝန်ခံက အသိပညာပေး ရှင်းလင်းပြောကြားသည်။

ကမ္ဘာ့ဆင်များနေ့ အထိမ်းအမှတ်ကို ကမ္ဘာပေါ်ရှိ ဆင်များအား ကာကွယ်ထိန်းသိမ်းကြရန်ရည်ရွယ်ပြီး ၂၀၁၂ ခုနှစ် ဩဂုတ် ၁၂ ရက်မှ စတင်ကာ ကနေဒါနိုင်ငံသား ရုပ်ရှင်ထုတ်လုပ်သူ Patricia Sims နှင့် ထိုင်းနိုင်ငံအခြေစိုက် Elephant Reintroduction Foundation တို့မှ စတင်ကျင်းပလာခဲ့ရာ ယခုဆိုလျှင် ကမ္ဘာ့ဆင်များနေ့အား ကူညီပံ့ပိုးပေးနေသည့် (Wildlife Organizations) နိုင်ငံပေါင်း ၇၂ နိုင်ငံနီးပါး ရှိပြီဖြစ်ကြောင်း သိရသည်။

**ဒီပါလင်း**

## ကော့သောင်းမြို့နယ် (၁၄ )မိုင် ကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လူသုံးကုန်ပစ္စည်းပြုလုပ်မှု သင်တန်းဖွင့်

**ကော့သောင်း ဩဂုတ် ၁၂**

ကော့သောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက (၁၄) မိုင်ကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လူသုံးကုန်ထုတ်လုပ်မှု နည်းပညာ သင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက အဆိုပါ ဦးစီးဌာန၌ ကျင်းပသည်။



ဦးစွာ ကော့သောင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်လင်းထက်က အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ဦးစီးမှူး ဦးစိုးထိုက်အောင်က သင်တန်းတွင် သင်ကြားပို့ချမည့် သင်ခန်းစာများကို ရှင်းလင်းပြောကြားကာ တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသားများထံသို့ ပေးအပ်သည်။

အဆိုပါ သင်တန်းကို ကော့သောင်းမြို့နယ် အတွင်းရှိ (၁၄) မိုင်ကျေးရွာမှ သင်တန်းသား ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် လူသုံးကုန်ပစ္စည်းပြုလုပ်ခြင်း နည်းပညာများကို လုပ်ငန်းထူထောင်နိုင်သည်အထိ ကျွမ်းကျင်နည်းပြများက ငါးရက်ကြာ သင်ကြားပေးမည် ဖြစ်ကြောင်း သိရသည်။

**ပိုးသခင်**

## နတ်မောက်မြို့၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အသိပညာပေးဟောပြော

**နတ်မောက် ဩဂုတ် ၁၂**

နတ်မောက်မြို့၌ အာဟာရရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အသိပညာပေး ဟောပြောခြင်းကို ယမန်နေ့က အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သူနာပြုဆရာမများက (HIV/ AIDS) ရောဂါအကြောင်းနှင့် ပတ်သက်၍ နေထိုင်ရမည့်အချက်များ ရောဂါရှိသူကို နှိမ့်ချဆက်ဆံခြင်းမပြုရန်၊ တန်းတူညီမျှဆက်ဆံသွားရန်နှင့် ဆေးကုသမှုခံယူရန် အသိပညာပေးရှင်းလင်းခြင်း၊ အာဟာရဖွံ့ဖြိုးရေးနှင့် ရောဂါကြိုတင်ကာကွယ်တားဆီးရေးနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါဟောပြောပွဲသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာ ဆရာမများနှင့် အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**လှဝင်း**



## အိမ်မဲမြို့နယ်၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှု အခမ်းအနားကျင်းပ

**အိမ်မဲ ဩဂုတ် ၁၂**

အိမ်မဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် World Visoin တို့ ပူးပေါင်း၍ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှုအခမ်းအနား (ငါးနှစ်အောက်နှင့် ကျောင်းနေအရွယ်ကလေးများ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်)ကို မြို့နယ်ပြည်သူ့ကျန်းမာရေး အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်ကိုကိုဦးက အမှာစကားပြောကြားခြင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမျိုးကျော်အောင်က အာဟာရချို့တဲ့ရောဂါများအကြောင်း အသိပညာပေးဟောပြောခြင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါ်ဆုလဲ့ရည်ဝင်းက အာဟာရအုပ်စုများအကြောင်း သရုပ်ပြပညာပေးခြင်းများ ဆောင်ရွက်သည်။

ထို့နောက် ငါးနှစ်အောက်ကလေးများအား အင်အားပြည့်ဗီတာမင်အေနှင့် သန်ချဆေးတိုက်ကျွေးခြင်း၊ အသက် ခြောက်လမှ တစ်နှစ်အောက် ကလေးများအား အင်အားပြည့်ဗီတာမင်အေတိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များအား အာဟာရပစ္စည်းများ ထောက်ပံ့ပေးခြင်းနှင့် စံပြမိခင်ဆုပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ချစ်သက်လယ်(ပြန်/ဆက်)**




## ရွှေတောင်မြို့နယ်၌ မိုးစပါးကေ ၅၈၁၆၃ လျာထားစိုက်ပျိုးပြီးစီး

**ရွှေတောင် ဩဂုတ် ၁၂**

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရွှေတောင်မြို့နယ်သည် လယ်ယာစိုက်ပျိုးရေးကို အဓိကဆောင်ရွက်လျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် စပါးမျိုးကောင်း၊ မျိုးသန့်တိုးပွားစေရန်နှင့် ဆန်စပါးဖူလုံစေရန် ရည်ရွယ်၍ ယခုနှစ်တွင် မိုးစပါး ၅၈၁၆၃ လျာထားဧကစိုက်ပျိုးပြီးစီးကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေတောင်မြို့နယ်၌ ယခုနှစ် မိုးစပါးသီးနှံစိုက်ပျိုးရာတွင် မော်ဘီ(၂)၊ ရတနာတိုး၊ ဗီယက်နမ်၊ ရက် (၉၀) စသည့် စပါးမျိုးများကို ပျိုးထောင်စိုက်ပျိုးခြင်း၊ မျိုးစေ့ချကိရိယာ (Drum Seeder) ဖြင့် စိုက်ပျိုးခြင်း၊ ကောက်စိုက်စက်/လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးလျက်ရှိပြီး လျာထားဧကပြည့်မီစွာ စိုက်ပျိုးပြီးစီးကြောင်း သိရသည်။

**ကိုကိုမင်း (ပြန်/ဆက်)**

## ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြော

**တိုက်ကြီး ဩဂုတ် ၁၂**

တိုက်ကြီးမြို့နယ်၌ မြို့နယ်ရဲတပ်ဖွဲ့နှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း(ဖလုံ) လှိုင်ပညာတန်ဆောင်ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးငွေးနိုင်က လန်ချန်း-မဲခေါင် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဗဟိုဌာနမှ ပေးပို့သည့် ဆက်သွယ်ရေးလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ သိကောင်းစရာများကို ကျောင်းသား ကျောင်းသူများ ဗဟုသုတရရှိစေရေး အသိပညာပေး ဟောပြောသည်။

ထို့နောက် တက်ရောက်လာသည့် ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာနနှင့် ကမ္ဘောဒီးယားနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနတို့မှ ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးသဘောတရားကို အများပြည်သူသို့ မိတ်ဆက်ပေးနိုင်မည့် ဗီဒီယိုမှတ်တမ်းနှစ်ခုကို ပြသကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

## ကလေးမြို့၌ အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ရက်သတ္တပတ်လှုပ်ရှားမှုအနေဖြင့် ချက်ပြုတ်နိုင်မှုစွမ်းရည်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**ကလေး ဩဂုတ် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ကလေးခရိုင်/မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ရက်သတ္တပတ်လှုပ်ရှားမှုအနေဖြင့် ချက်ပြုတ်နိုင်မှုစွမ်းရည်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယမန်နေ့က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ ကလေးခရိုင်/မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီလာခိုင်က အမှာစကားပြောကြားပြီး ချက်ပြုတ်နိုင်မှုစွမ်းရည်ပြိုင်ပွဲကို စတင်ခဲ့သည်။ ထို့နောက် ချက်ပြုတ်နိုင်မှုစွမ်းရည်ပြိုင်ပွဲဝင် အဖွဲ့သုံးဖွဲ့မှ ပါဝင်ယှဉ်ပြိုင်သည့် ပြိုင်ပွဲဝင်အသီးသီးကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့သည်။

ဆက်လက်၍ ကလေးခရိုင်/မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ကလေးမြို့ အောင်သစ္စာရပ်ကွက်ရှိ မူကြိုကျောင်းသို့ သွားရောက်၍ ငါးနှစ်အောက် ကလေး ၂၀ အား နံနက်စာထမင်းနှင့် နေ့လယ်စာများ ကျွေးမွေးခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

# သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး မြို့နယ်များ၌ ကွင်းဆင်းဆောင်ရွက်ပေး

## မောက်မယ်

မောက်မယ်မြို့နယ်၌ ကျန်းမာရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ပူးပေါင်း၍ ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါများ ကြိုတင်ကာကွယ်နှိမ်နင်းရေး၊ ပိုးလောက်လမ်းမှအစ ခြင်ပေါက်ပွားမှုမရှိစေရေးအတွက် ဩဂုတ် ၁၂ ရက်မှစ၍ အခြေခံပညာအထက်တန်းကျောင်း(မောက်မယ်)၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား ကျန်းမာစွာနေထိုင်နည်းများ၊ အစာအာဟာရအုပ်စုများ၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ လက်ဆေးနည်း၊ သွားနှင့်ခံတွင်းကျန်းမာရေးဆိုင်ရာ စစ်ဆေးပေးခြင်း၊ ဗီတာမင်အေနှင့် သန်ချဆေးတိုက်ကျွေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

**စိုင်းမျိုးသန့်(မောက်မယ်)**



## ဆင်ပေါင်ဲ

ဆင်ပေါင်ဲမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ အန္တရာယ်ကင်းဝေးစေရန်နှင့် ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ငြိမ်းထွန်း အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမွန်စိုးရီနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ ပူးပေါင်း၍ အသိပညာပေးလုပ်ငန်းများနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ဩဂုတ် ၁၂ ရက်က ဆင်ပေါင်ဲမြို့ အမှတ်(၂) ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၊ မြို့ပေါ်ရပ်ကွက်များ၊ မြို့မဈေးနှင့် ဌာနဆိုင်ရာရုံးများသို့ သွားရောက်ပြီး ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများနှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဲ)**





## မြို့သစ်

မြို့သစ်မြို့နယ်၌ မြို့မစည်ပင်သာယာဈေး၊ စာသင်ကျောင်းများနှင့် မြို့ပေါ်ရပ်ကွက်များသို့ ဩဂုတ် ၁၂ ရက်က သွားရောက်၍ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ မြို့သစ်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းထက်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းအဖွဲ့က မိုးရာသီကာလ ခြင်ကြောင့်ဖြစ်ပွားနိုင်သော သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရေး၊ ပိုးလောက်လမ်းပေါက်ပွားမှုမှ ကာကွယ်နိုင်ရေးအတွက် ဈေးနှင့် ကျောင်းပတ်ဝန်းကျင်ရှိခြင်ခိုအောင်းနိုင်သော နေရာများ၊ ရေတင်ကျန်နိုင်သော ဘူး၊ ခွက်များ၊ ရေပုံးရေအိုးများ၊ ဘုရားပန်းအိုးများကို ဖုံး၊ သွန်၊ လဲ ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရေတိုင်ကီ၊ ကျောက်စည်ပိုင်း၊ အုတ်ရေကန်များတွင် အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးဖျန်းခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကာ ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဝင်းအိဇ္ဇန်(ပြန်/ဆက်)**



## မင်းလှ

မင်းလှမြို့နယ် ကျန်းမာရေးဦးစီးဌာနက သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရန်နှင့် မြို့နယ်အတွင်းရှိ ကလေးငယ်များ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရန်ရည်ရွယ်၍ ဩဂုတ် ၁၀ ရက်က အဘိတ်ဆေးခတ်ခြင်းနှင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့က စာသင်ကျောင်းများ၊ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများတွင် သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားစေရန် စာသင်ခန်းများ၊ နေအိမ်များရှိ ရေလှောင်ကန်များ၊ ရေစည်ရေအိုးများ၊ ဘုရားပန်းအိုး၊ တာယာအဟောင်း စသည့် နေရာများတွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားစေနိုင်သည့် ခြင်များ၊ ပိုးလောက်လမ်းများ ပေါက်ပွားမှုမရှိစေရန် ကြည့်ရှုစစ်ဆေးပြီး ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ခြင်း၊ သောက်သုံးရေကန်များတွင် အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးဖျန်းခြင်းနှင့် အသိပညာပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

## မိုင်းယု

မိုင်းယုမြို့၌ ကျောင်းကျန်းမာရေးလှုပ်ရှားမှု သီတင်းပတ်ဆောင်ရွက်မှုကို ဩဂုတ် ၁၂ ရက်က အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်သည်။

ဦးစွာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှမိုးက ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုနှင့် ပတ်သက်၍ ပြောကြားပြီး ကျန်းမာရေး သူနာပြုဆရာမ ဒေါ်မောနီကာက ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးအကြောင်းကို ဆွေးနွေးပြောကြားကာ ကျောင်းရှိ ရေစည်၊ ရေအိုးများကို ဖုံး၊ သွန်၊ လဲ၊ စစ်၊ ခြင်ပိုးလောက်လမ်းမရှိစေရေး အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို ဆရာ ဆရာမများနှင့်အတူ ပူးပေါင်းဆောင်ရွက်သည်။

ထို့နောက် မိုင်းယုနယ်မြေမြို့မရဲစခန်းမှူး ရဲအုပ်နိုင်နိုင်ဝင်းက ကျောင်းသား ကျောင်းသူများအား မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**မိုင်းယု(ပြန်/ဆက်)**



## ကော့ကရိတ်

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့၌ ရေကြီးနစ်မြုပ်ခဲ့သည့် အမှတ်(၂)ရပ်ကွက်အတွင်းရှိ အများပြည်သူအသုံးပြုသည့် သောက်သုံးရေတွင်းများ ကလိုရင်းဆေးခတ်ခြင်းလုပ်ငန်းကို ဩဂုတ် ၁၂ ရက်က အုပ်ချုပ်ရေးမှူး၊ တိုက်နယ်ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ကြက်ခြေနီအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများ စုပေါင်းဆောင်ရွက်သည်။

အဆိုပါ ကလိုရင်းဆေးခတ်ခြင်းလုပ်ငန်းကို အမှတ်(၂)ရပ်ကွက်ရှိ အများသုံးရေတွင်းနှင့် အိမ်သုံးရေတွင်းများကို အများပြည်သူများ ရောဂါဘယကင်းဝေးစေရေးအတွက် အသိပညာပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## ပေါက်ခေါင်း

ပေါက်ခေါင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ပေါက်ခေါင်းမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ မိုးရာသီတွင် ဖြစ်ပွားတတ်သည့်ရောဂါများ မဖြစ်ပွားစေရေး ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဩဂုတ် ၇ ရက်က လိုက်လံဆောင်ရွက်ပေးသည်။

အဆိုပါ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဝန်ထမ်းများနှင့် ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ အပါအဝင် ကျောင်းအကျိုးတော်ဆောင်များက စာသင်ခန်းများတွင် ခြင်များခိုအောင်းနိုင်သော နေရာများကို ခြင်ဆေးများဖျန်းခြင်း၊ ကျောင်းဝင်းအတွင်း ခြင်များခိုအောင်းနိုင်ခြင်း မရှိစေရေးအတွက် ချုံနွယ်များရှင်းလင်းခြင်း၊ ကျောင်းဝင်းအတွင်း ခြင်များ ပေါက်ပွားနိုင်သည့် ရေတင်ကျန်နိုင်သော ဘူး၊ ခွက်၊ တာယာဟောင်းများနှင့် စွန့်ပစ်ပစ္စည်းများကို ဖယ်ရှားရှင်းလင်းခြင်းနှင့် ကျောင်းဝင်းအတွင်း/အပြင်ရှိ ရေနုတ်မြောင်းများကို ရေစီးရေလာကောင်းမွန်စေရေး လိုက်လံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဖုန်းကျော်ဇင်(ပြန်/ဆက်)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ပြည်ခရိုင်တရားရုံး**

**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် (၂၅)**

ဒေါ်လှရီ နှင့် ၁။ ဒေါ်ယဉ်မေ၊ ၂။ ဒေါ်ဝင်းဝင်းခိုင် ၃။ ဒေါ်မြင့်မြင့်ဝင်း၊ ၄။ ဦးမျိုးမြင့် ၅။ ဦးဝင်းမြင့်၊ ၆။ ဒေါ်ဝင်းကြူ ၇။ ဒေါ်မူမူကျော်၊ ၈။ ဦးသက်နိုင် ၉။ ဒေါ်ဝင်းဝင်းမော်၊ ၁၀။ ဦးမင်းမင်း ၁၁။ ဒေါ်ခင်အေးရီ ၁၂။ ဒေါ်ညွန့်ခင် ၁၃။ ဦးခင်မောင်ဌေး

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ (၅) တရားပိုင် ဦးဝင်းမြင့်၊ မင်္ဂလာဒုံမြို့နယ် နေ (၆) တရားပြိုင် ဒေါ်ဝင်းကြူ (၇) တရားပြိုင် ဒေါ်မူမူကျော်၊ (၈) တရားပြိုင် ဦးသက်နိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်လှရီမှ တရားမကြီးအမှုအမှတ် (၅၈/၂၀၂၃) အမှုတွင် ထိုအမှုမှ တရားလို ဒေါ်ညွန့်ခင်က ၎င်း၏အဆိုလွှာတွင် လိမ်လည်၍ မမှန်မကန်ဖော်ပြကာ ရယူထားသော တစ်ဖက်သတ်ပဏာမစီရင်ချက် အမိန့်နှင့် ဒီကရီကို ပယ်ဖျက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကိုချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ (၂၉)ရက် (၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း(၇)ရက်) မွန်းမတည့်မီ(၁၀:၀၀)နာရီတွင် အထက်အပိုဒ်ပါ အမည်ပါရှိသူများအားလုံး တရားလိုစွပ်စွဲချက်များကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရသည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့၏ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့်သင်တို့က ထုချေတင်ပြမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၃၀)ရက်တွင် ဤရုံးတံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်၊

**(သီတာကျော်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ပြည်ခရိုင်တရားရုံး**

## အမည်ပြောင်း

ဦးကျော်မင်း ၉/ကပတ(နိုင်) ၁၇၀၃၅၀၏သမီး မမေကြည်စင်အား မရွှေစင်ဝင်းလဲ့ ဟု လည်းကောင်း မဝေသော်တာနှင်းအား မရွှေရည်ရွှန်းလဲ့ဟု ၎င်းပြောင်းလဲခေါ်ပါရန်။

**မရွှေစင်ဝင်းလဲ့၊**
**မရွှေရည်ရွှန်းလဲ့**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ အ.ထ.က(ကုန်းဇောင်း)၊ Grade- 12 မှ မောင်ပြည့်ဖြိုးကျော်၏ဖခင် ဦးဇော်၏ အမည်မှန်မှာ ဦးသန်းဇော်မင်း (၈/ပဖန(နိုင်)၀၇၃၉၅၇) ဖြစ်ပါကြောင်း။

**ဦးသန်းဇော်မင်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်၊ မင်းလွင်(အ.လ.က) မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သဲသဲမာ၏ဖခင် ဦးဇက်ရင်ဘောင်(ခ) ဦးဂျိုးဇက်ရင်ဘောင် (MKA 004695) သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဇက်ရင်ဘောင်(ခ)**
**ဦးဂျိုးဇက်ရင်ဘောင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်၊ ဇင်ပြွန်း(အ.ထ.က-ခွဲ)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာဌေး ၏ဖခင် ဦးချစ်စူ(ခ) ဦးချစ်ဆူ (၈/မတန(နိုင်) ၀၂၈၂၉၀) သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးချစ်စူ(ခ) ဦးချစ်ဆူ**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမည် RA VI/ကွက်ပြင်-၆၊ ဦးပိုင်အမှတ်(၈ဃ/၁၁၄)၊ ဧရိယာ(၀ဒသမ၁၆၅)ကေအကျယ်ရှိမြေအား မြေငှားဂရန် သက်တမ်းတိုး၊ အမည်ပြောင်းလျှောက်ထားနိုင်ရေး ဒေါ်ဝင်းစုလတ်မောင် ၁၃/ကတန(နိုင်)၀၀၂၈၇၂မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြေညာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ကွင်း/အကွက်အမှတ်နှင့်အမည် RA III/ကွက်ပြင်-၃၊ဦးပိုင်အမှတ်(၁၁-ဋ)၊ မြေကွက်အမှတ်(45/425)၊ မြေဧရိယာ(၀ဒသမ၂၉)ကေရှိ ဂရန်မြေကွက်အား ပြင်ဦးလွင်ခရိုင်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ မြေငှားဂရန်အမှုတွဲအမှတ် ၇၈၉/၂၀၁၆-၂၀၁၇အရ ဂရန်အမည်ပေါက်သူရရှိထားသူ (ဦးကြည်မောင်)၏ အမွေအား ဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ သားသမီးများထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုကာ တရားဝင် အမည်ပေါက် ပိုင်ဆိုင်ခွင့်ရရှိနိုင်ရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းကြေးငွေတစ်စိတ်တစ်ဒေသ ပေးချေကာဝယ်ယူခဲ့ပြီး ဖြစ်ပါသည်။ သို့ပါ၍ဖော်ပြပါ ဂရန်မြေကွက်နှင့်စပ်လျဉ်းပြီး တရားဝင်ပိုင်ဆိုင်ခွင့်/အကျိုးခံစားခွင့်ရှိသူ မည်သူမဆိုသည် ယနေ့မှစ၍ ၁၅ရက်အတွင်း ပိုင်ဆိုင်မှု မြေဂရန်မူရင်းနှင့်စာချုပ်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် သက်ဆိုင်ရာရုံးဌာနအသီးသီးတွင် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ထားသည့် နေ့ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်သွားဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးဒန်းကူးမား(ခ)ဦးဖွဲ့ထက်**
**၉/ပဥလ(နိုင်)၀၄၂၈၉၁**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြိုးပပဝင်း(LL.B,D.B.L,WIPO(Switzerland))**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၈၂/၂၀၁၂)**
**အခန်းအမှတ်(၂၄)၊YMCAတိုက်ခန်း၊မန္တလေး-လားရှိုးလမ်းမကြီး၊ ရပ်ကွက်ကြီး(၁)၊ပြင်ဦးလွင်မြို့၊**
**ဖုန်း-၀၉-၂၀၅၀၁၂၈**

## ပျောက်ဆုံးကြောင်း

မွန်ပြည်နယ်၊ သိမ်ဇရပ်မြို့နေ ဦးအောင်သင်း၏ သမီး မခင်မျိုးမျိုးအောင် ၁၀/ကထန (နိုင်) ၂၀၃၀၈၃၏ Passport No (MI 845007)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၆၂၂၄၈၅၃**

## ဖခင်အမည်မှန်

သထုံမြို့နယ်၊ အထက(၂) ကျောင်း Grade-10(A)တွင် ပညာသင်ကြားနေသော မဇင်မေသူ၏ ဖခင်အမည်မှန်မှာ စောကျော်ဆင် ၃/ဘအန (နိုင်) ၀၇၂၆၆၄ ဖြစ်ပါကြောင်း။

**စောကျော်ဆင်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဘုရင့်နောင်)၊မြေကွက်အမှတ်(ဆ/၁၄B)၊ဧရိယာ(အလျား၂၀ပေXအနံ၆၀ပေ)ရှိ (၂၅)နှစ်ဂရန်သက်တန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် တည်ရှိသော အမှတ်(ဆ/၁၄B) စိန်ပန်းလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း(၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သည့်ပွဲရုံ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးဝင်းနိုင်(၁၃/ကမန(နိုင်)၀၀၆၃၀၂)[ပူးတွဲပိုင်ရှင် ဇနီး ဖြစ်သူဒေါ်ချိုချိုဝင်း(၁၂/လသန(နိုင်)၀၀၀၃၃၂)သည် (၁၃. ၉. ၂၀၁၂) တွင် ကွယ်လွန်ခဲ့သဖြင့် ခင်ပွန်းဖြစ်သူ ဦးဝင်းနိုင်မှ ဇနီးဖြစ်သူ ပိုင်ဆိုင်သော အစုကို အမွေဆက်ခံပိုင်ဆိုင်လာ၍ ဦးဝင်းနိုင်မှ တစ်ဦးတည်းပိုင်ဆိုင်လာခဲ့ပါသည်။]ထံမှကျွန်ုပ်၏ မိတ်ဆွေကဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများသည် ဤကြေညာသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောမူရင်းစာချုပ်စာတမ်း၊ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**ညွှန်ကြားချက်အရ**
**ဒေါ်စန်းစန်းဝင်း (တရားလွှတ်တော်ရှေ့နေ)(စဉ်-၂၁၇၂)**
**B.A(LAW) LL.B (Advocate), D.B.L, D.M.L,D.I.L, D.A.Psy.**
**WIPO, DL(101), (201), (317)Switzerland (Geneva).**
**အမှတ်(၂၀၉/ဃ)၊ ဘူတာရုံလမ်း၊ ကံဘဲ့(၁၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉- ၅၀၇၁၂၀၆၊ ၀၉- ၉၇၄၇၃၅၆၈၆**

## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးကြောင်း အသိပေးကြေညာခြင်း

ကျွန်တော် ဦးဇင်မင်းလတ် (ဘ)ဦးထွန်းလွင်(၁/မညန(နိုင်)၁၇၀၆၂၇)နှင့် ဒေါ်စန်းစန်းပို(ဘ)ဦးသောင်းထွန်း (၁/ဟပန(နိုင်)၀၀၇၀၈၁)တို့သည် လွန်ခဲ့သော(၁၃-၄-၂၀၂၅)ရက်ကတည်းက လင်မယားအဖြစ် အတူတကွ ပေါင်းသင်းနေလာခဲ့ကြရာ ယနေ့အချိန်ထိဖြစ်ပြီး လက်ထပ်ပွားပစ္စည်းတစ်စုံတစ်ရာမျှ ဖြစ်ထွန်းခြင်းမရှိပါ။ ယခုအချိန်တွင် တစ်ဦးနှင့်တစ်ဦးတို့သည် စိတ်သဘောထားခြင်း တိုက်ဆိုင်မှုမရှိတော့ကြပါသဖြင့် (၁-၈-၂၀၂၅)ရက်တွင် မိုးညှင်းမြို့နယ် ရပ်ကွက်အုပ်ချုပ်ရေးမှူးရှေ့မှောက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီး ဖြစ်ပါသည်။

ဤကဲ့သို့ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးကြောင်း သတင်းစာတွင် ကြေညာပြီးသည့်ရက်မှစ၍ တစ်ဦးနှင့်တစ်ဦး သည် စီးပွားရေး၊ လူမှုရေးကိစ္စအဝဝတို့တွင် မည်သို့မျှ ပတ်သက်ဆက်နွယ်ကြခြင်းမရှိတော့ပါကြောင်းနှင့် နောက်နောင်တွင်လည်း ဒေါ်စန်းစန်းပိုနှင့်ပတ်သက်၍ မည်သည့်ကိစ္စမှန်သမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးဇင်မင်းလတ်**
**(၁/မညန(နိုင်)၁၇၀၆၂၇)**
**ဖုန်း-၀၉-၇၇၈၈၃၈၀၁၄**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀/တောင်) (၁၄)၊ (၇)ဈေးလမ်း၊ မြေကွက်အမှတ် (၁၄၆၉/က)၊ အကျယ်အဝန်း (၂၀ပေ × ၆၀ပေ)ရှိ ဒေါ်ခင်စော (၁၂/သကတ (နိုင်) ၀၃၆၇၉၈) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်ခင်စောထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)**

**ဦးပြည့်ဖြိုးအောင်**
**LL.B,**
**အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀)**

**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၁)၊ ဓေယျာဒီပလမ်း၊ မြေကွက်အမှတ် (၁၅၈)၊ အကျယ်အဝန်း (၄၂ပေ × ၆၀ပေ)ရှိ ဦးရင်မောင် (၁၂/ဗဟန (နိုင်) ၀၅၅၁၈၃) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ် (၁၅၉)နှင့်ကပ်လျက် (၂၁ပေ × ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးရင်မောင် ထံမှကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်း များဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

**ဒေါ်အေးအေးမူ**
**LL.B, D.B.L., M.A. (Business Law)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၇၀၉)**
**၀၉ ၄၃၁၁ ၅၁၀၅**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် (မ.၇၄/၂)၊ ဦးပိုင်အမှတ် (၉.က)၊ ၅၈x၅၉ ကြား၊ ၃၆x၃၇ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ချိုချိုမြလွင် ၉/မရမ(နိုင်)၀၀၂၃၃၂ က အမှုတွဲအမှတ် (၁၉၀၅/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမည်မှန်

ကရင်ပြည်နယ်၊ အထက အုန်းတပင်ကျောင်း G-12 အတန်း မှ ဦးဇော်လင်း ၏ သား စောမြတ်အောင်၏ အမည်မှန်မှာ စောမြအောင် ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ်၊ အထက(ကြာကန်) Grade-12 မှ မအေးမာနွယ်၏ ဖခင်အမည်မှန်မှာ ဦးမျိုးချစ် ၈/သရန (နိုင်) ၀၇၂၂၇၉ ဖြစ်ပါကြောင်း။

**ဦးမျိုးချစ်**

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ ကွင်း/အကွက်အမှတ်နှင့်အမည်-RA III/ကွက်ပြင် ၃၊ ဦးပိုင်အမှတ်(၁၇၂- ခ)၊ ဧရိယာ(၀ဒသမ၁၀)ကေရှိ မြေကွက်အား မြေငှားဂရန် သက်တမ်းတိုး ရရှိရန်အတွက် ဦးမောင်မောင်ကြီး(ဘ)ဦးချစ်စိန် ၁၂/စခန(နိုင်)၀၁၂၁၉၁က လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်၊ ဘောရင်း အထကGrade-12 မှ မနေခြည်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးမင်းသန့် ၅/တဆန(နိုင်) ၀၇၅၂၇၆ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့ ဈေးတန်း(၁၀) ရပ်ကွက်နေ မောင်ခိုင်ရှန့်ပေါင်၏ မိဘအမည်မှန်မှာ ဦးဇမ်လျှံမုန် ၅/ကလထ(နိုင်) ၁၀၇၇၈၇ နှင့် ဒေါ်လွန်လမ်းကျိန် ၅/တမန(နိုင်)၀၂၉၁၉၀ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၀ယ/၂၇၄၀၃ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ချိုဦး ၁၀/မလမ(နိုင်)၁၇၉၅၆၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/03580, Zhineng-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းသူနိုင် ၁၄/ ပသန(နိုင်)၂၁၄၃၂၉က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် (၂၈ဃ/၂၁၁၂၆) Follow Me-125 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းထိုက်လွန်း (၈/မကန(နိုင်)၁၁၂၂၆၆)က ကမ-၃ ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး(မကွေး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/55948, Vespa-S/25,M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြအောင် ၁၂/ပဘတ(နိုင်)၀၂၆၆၁၆က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4W/62242, Honda Dream-100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝါဝါဖူး ၉/မထလ(နိုင်)၂၄၂၀၄၄က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ -၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/97296, Honda Wave -110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နွယ်ဦး ၉/သစန(နိုင်) ၁၇၁၆၅၁ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ -၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/12801 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြည်ကြည်စိုးဦး ၉/ပဥလ(နိုင်) ၀၉၁၉၈၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၇ယ/၃၈၂၀၂, Honda Scoopy-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်မော်လွင် ၉/ခမစ(နိုင်) ၀၀၈၅၉၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 80W/03591, Zhineng 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းသူနိုင် ၁၄/ပသန (နိုင်) ၂၁၄၃၂၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်နှင့် ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်၊ ပဒါန်းကျေးရွာ May Khant Special Education ကိုယ်ပိုင်အထက်တန်းကျောင်း Grade-9 တွင် ပညာသင်ကြားနေသော မမြရွှန်းစို(၈/ငဖန(နိုင်)၀၅၈၀၄၀) ၏ ဖခင်အမည်မှန်မှာ ဦးချစ်စမ်းမောင်(၈/မလန(နိုင်)၀၇၁၀၈၅) ဖြစ်ပါကြောင်း။

**ဦးချစ်စမ်းမောင်**

## အမည်ပြောင်း

မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်၊ ရှောက်တောင်ကျေးရွာနေ (ဘ)ဦးသက်နောင် (၈/မလန(နိုင်)၀၉၃၇၆၄)၏သားကြီး မောင်ရန်ရှင်းခန့်ကျော်အား မောင်ရိုင်းထည်ဝါဦးနှင့် သမီးငယ် မအေးမြတ်မှူးသာအား မအိမ့်ထည်ဝါမှူးဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ရှိုင်းထည်ဝါဦး၊**
**မအိမ့်ထည်ဝါမှူး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)**

**အောင်မြေသာစံခရိုင်တရားရုံး**

**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၇၄**

ဒေါ်စုစုအောင် **နှင့်** ၁။ ဦးမားသူ(ခ)ဦးသန်းအောင်
၂။ ဦးထွန်းမြင့်

**တရားလို** **တရားပြိုင်များ**

မုံရွာမြို့၊ ပါရမီလမ်း၊ တပ်မတော်ကွက်သစ်ရပ်ကွက်နေ ဦးထွန်းမြင့် (ဘ)ဦးထွန်းရှင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်စုစုအောင်က ဆေးကုသသည့် ကုန်ကျငွေ ကျပ်သိန်း(၄၅၀)နှင့် နစ်နာကြေးငွေ ကျပ်သိန်း(၅၅၀)ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်(၁၃၈၇ခုနှစ်၊ တော်သလင်းလဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၈ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ချောစုဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**အောင်မြေသာစံခရိုင်တရားရုံး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

**ဖုန်း-၀၉-၇၇၅၆၈၁၁၇၈**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၈)၊ ကွမ်းအပ်မင်းသားလမ်း၊ မြေကွက်အမှတ် (၁၂၃၃/က)၊ အကျယ်အဝန်း (၂၀ပေ × ၆၀ပေ)ရှိ ဦးမြင့် (HGU- ၁၂၉၇၉၂) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်စု (၁၂/သဃက (နိုင်) ၀၂၁၉၈၀) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| ဦးခင်မောင်ဦး | ဦးပြည့်ဖြိုးအောင် |
|---|---|
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

## ဦးတင်မိုးထွေး (ဘ) ဦးတင်အောင် (၁၀/မဒန(နိုင်)၁၂၀၁၂၂)
## သိရှိစေရန် အသိပေးကြေညာချက်

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ ကြားတောရလမ်း၊ အမှတ်(၅၀)နေ ဦးမင်းကျော်ဇေယျ ၁၂/ဗဟန(နိုင်)၀၈၃၄၅၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏ မိတ်ဆွေနှင့်မိသားစုမှ ငွေစိုက်ထုတ်၍ ဦးတင်မိုးထွေးအား တွံတေးမြို့နယ်၊ ခလောက်ချိုက်ကျေးရွာရှိ လယ်မြေများအား ကျွန်ုပ်တို့၏မိတ်ဆွေမှ မိသားစုအမည်များအပြင် ဦးတင်မိုးထွေး အမည်ခံ၍လည်း ၂၀၁၁ခုနှစ်တွင် ဝယ်ယူခဲ့ကြကြောင်း သိရှိခဲ့ရပါသည်။

အဆိုပါလယ်မြေများအား နိုင်ငံတော်အစိုးရမှ ရန်ကုန်မြို့သစ်စီမံကိန်း ဖော်ဆောင်ရန်အတွက် သိမ်းဆည်းခဲ့ကြောင်း၊ ထိုသိမ်းဆည်းလယ်ယာမြေများအစား ယာယီမြေပေးမိန့်(၄၂)ကွက် ပြန်လည်ပေးအပ်ခဲ့ကြောင်း ဦးတင်မိုးထွေး ပြောကြားချက်အရ သိရှိခဲ့ရပြီး အဆိုပါယာယီမြေပေးမိန့် (၄၂)ကွက်၏ စာရွက်စာတမ်းမူရင်းများကို အရောင်းအဝယ်လုပ်ငန်းဆောင်ရွက်ရာတွင် လွယ်ကူစေရန် ယုံကြည်မှုဖြင့် ဦးတင်မိုးထွေး၏ အမည်ခံကာ ဆောင်ရွက်စေခြင်းသာ ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ မိတ်ဆွေနှင့် မိသားစုများမှ အဆိုပါ ယာယီမြေပေးမိန့် (၄၂)ကွက်၏ စာရွက်စာတမ်းမူရင်းများ ပြန်လည်တောင်းဆိုသည့်အခါ ဦးတင်မိုးထွေးမှ အဆိုပါယာယီမြေပေးမိန့် (၄၂)ကွက်၏ စာရွက်စာတမ်းမိတ္တူများကိုသာ ပြန်လည်ပေးအပ်ခဲ့ပါသည်။ ယာယီမြေပေးမိန့်မူရင်းများမှာ ၎င်းကြောင့် ပျောက်ဆုံးသွားသည့်အတွက် ပျောက်ဆုံးသွားသည့် ယာယီမြေပေးမိန့်မူရင်းများကို ဦးတင်မိုးထွေး မှ ပြန်လည်ရရှိအောင် ဆောင်ရွက်ပေးမည်ဟုပြောပြီး ၂၁-၅-၂၀၂၄ ရက်တွင် အရပ်ကတိစာချုပ်ချုပ်ဆိုပေးခဲ့ပြီးနောက် အထွေထွေကိုယ်စားလှယ်လွှဲစာကိုပါ လွှဲအပ်ပေးခဲ့ကြောင်း သိရှိရပါသည်။

သို့ဖြစ်၍ ဦးတင်မိုးထွေးမှ ပြန်လည်ပေးအပ်ခဲ့သော ယာယီမြေပေးမိန့် (၄၂)ကွက်၏ စာရွက်စာတမ်းမိတ္တူများကို ကျွန်ုပ်၏မိတ်ဆွေမှ သက်ဆိုင်သည့် ဦးစီးဌာနတွင် စုံစမ်းသည့်အခါ အဆိုပါယာယီမြေပေးမိန့် မိတ္တူများပါ အချက်အလက်များနှင့် နိုင်ငံတော်အစိုးရမှပြန်လည်ပေးအပ်ခဲ့သော မြေကွက်အရေအတွက်မှာ မှားယွင်းကွဲလွဲနေကြောင်း စုံစမ်းသိရှိရပါသည်။

သို့ဖြစ်ပါ၍ ဦးတင်မိုးထွေးမှ ယာယီမြေပေးမိန့် (၄၂)ကွက်ရရှိကြောင်း မမှန်မကန် ဖော်ပြချုပ်ဆိုပေးခဲ့ခြင်း ယာယီမြေပေးမိန့်မူရင်းများကို ဦးတင်မိုးထွေး မှ ပြန်လည်ရရှိအောင် ဆောင်ရွက်ပေးမည်ဟု စာချုပ်ချုပ်ဆိုခဲ့သော်လည်း မြေပေးမိန့်မိတ္တူမှန်များ ပြန်လည်ရရှိအောင် ဆက်လက်ဆောင်ရွက်ပေးမှုမရှိခြင်း၊ ဦးတင်မိုးထွေး ပြန်လည် ရရှိခဲ့သော မြေကွက်အရေအတွက် ကွဲလွဲမှုများနှင့် ဦးတင်မိုထွေးကိုယ်ကျိုးအတွက် အသုံးပြုခဲ့သော မြေဧရိယာများအတွက် ကျွန်ုပ်တို့၏မိတ်ဆွေမှာ လွန်စွာနစ်နာလျက်ရှိပါသည်။

ထို့ကြောင့် ဦးတင်မိုးထွေးအနေဖြင့် ကျွန်ုပ်၏မိတ်ဆွေထံသို့ ဦးတင်မိုးထွေးအမည်ဖြင့် ချထားပေးသော ယာယီ မြေပေးမိန့်များနှင့် ဦးတင်မိုးထွေး ကိုယ်ကျိုးအတွက် အသုံးပြုခဲ့သော မြေဧရိယာများအတွက် ဦးမင်းကျော်ဇေယျ နစ်နာခဲ့ရသမျှကို ကျွန်ုပ်၏မိတ်ဆွေထံသို့ ဤကြေညာချက်ထည့်သွင်းပြီး (၇)ရက်အတွင်း ဆက်သွယ်ပေးအပ်ရန်နှင့် ပျက်ကွက်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးမင်းကျော်ဇေယျ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**တရားလွှတ်တော်ရှေ့နေများ**

| **ဒေါ်စုစုထွန်း(စဉ်-၉၆၄၇)** | **ဒေါ်ဝါဝါဝင်းစိန်(စဉ်-၈၂၆၃)** |
|---|---|
| **(LL.B, D.B.L, D.I.L)** | **(LL.B, D.I.L)** |
| **အမှတ်(၉၀၆)၊ အေးသိဒ္ဓိလမ်း၊** | **ရှေ့နေများရုံးခန်း၊** |
| **ရွာမအရှေ့ရပ်ကွက်၊** | **သန်လျင်ခရိုင်တရားရုံးရှေ့၊ သန်လျင်မြို့ ၊** |
| **အင်းစိန်မြို့နယ်၊** | **ရန်ကုန်တိုင်းဒေသကြီး** |
| **ရန်ကုန်တိုင်းဒေသကြီး** | **ဖုန်း-၀၉-၇၉၉၄၂၁၅၆၆** |
| **ဖုန်း-၀၉-၇၈၅၁၄၃၉၁၉** | |

## အမည်မှန်နှင့် မိခင်အမည်မှန်

ဟုမ္မလင်းမြို့နယ်၊ အ.ထ.က နောင်ပင်ကျောင်း G-12 မှ မောင်သူထူးစံ၏ အမည်မှန်မှာ မောင်စိုင်းသူထူးစံဖြစ်ပြီး မိခင်အမည်မှန်မှာ ဒေါ်သန်းကြည် ၅/ဟမလ(နိုင်)၀၂၆၆၉၁ ဖြစ်ပါကြောင်း။

## အမည်မှန်နှင့်မိခင်အမည်မှန်

ဟုမ္မလင်းမြို့နယ်၊ အ.ထ.က နောင်ပင်ကျောင်း G-12 မှ မအိဖူးလှိုင်၏ အမည်မှန်မှာ မနန်းအိဖူးလှိုင်ဖြစ်ပြီး မိခင်အမည်မှန်မှာ ဒေါ်စုစုလှိုင် ၅/ဟမလ(နိုင်) ၁၃၇၉၂၇ ဖြစ်ပါကြောင်း။

## အမည်မှန်

ဟုမ္မလင်းမြို့နယ်၊ အ.ထ.က နောင်ပင်ကျောင်း G-12 မှ မဝင်းနွဲ့အေး၏ အမည်မှန်မှာ မနန်းဝင်းနွဲ့အေး ၅/ဟမလ(နိုင်) ၁၈၈၃၃၅ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ကြယ်စင်စုကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-11မှ မောင်ညာဏ်လင်းတိုး၏ ဖခင်အမည်မှန်မှာ ဦးအေးခိုင် ၁၄/ဇလန(နိုင်)၀၈၃၄၆၅ ဖြစ်ပါကြောင်း။

## အမည်မှန်

ဟုမ္မလင်းမြို့နယ်၊ အ.ထ.က နောင်ပင်ကျောင်း G-12 မှ မစုပြည့်မိုး၏ အမည်မှန်မှာ မနန်းစုပြည့်မိုး ၅/ဟမလ(နိုင်) ၁၈၈၆၀၀ ဖြစ်ပါကြောင်း။

## အမည်မှန်

ဟုမ္မလင်းမြို့နယ်၊ အ.ထ.က နောင်ပင်ကျောင်း G-12 မှ မောင်အောင်စိုးသိန်း၏ အမည်မှန်မှာ မောင်စိုင်းအောင်စိုးသိန်း၅/ဟမလ(နိုင်)၁၈၈၅၈၂ ဖြစ်ပါကြောင်း။

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်ထံသို့အကြောင်းကြားစာ (တရားမကျင့်ထုံးဥပဒေအမိန့်-၄၁ ၊နည်းဥပဒေ-၁၄) ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် ၂၀၂၅ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၀၄

ဦးကျော်စွာ နှင့် ၁။ ဒေါ်တင်မာလာအေး (၎င်း၏အထွေထွေကိုယ်စားလှယ် စာရသူ ဦးရဲနိုင်)

၂။ ဦးမျိုးမြင့်အောင်

(အယူခံတရားလို) (အယူခံတရားပြိုင်များ)

၂၀၂၅ခုနှစ် ဇန်နဝါရီလ ၂၇ရက်စွဲပါ ပြည်ခရိုင်တရားရုံး၊ ၂၀၂၃ ခုနှစ် တရားမကြီးမှု အမှတ် ၅၉ အမှုတွင် ချမှတ်သော အမိန့်ကို အယူခံမှု။

ပြည်မြို့နယ်၊ အချုပ်ကျတရားခံအမှတ်-ပမ/၂၃/၀၀၀၈၁/ခ (ပြည်အကျဉ်းထောင်) အယူခံတရားပြိုင် (၂)ဦးမျိုးမြင့်အောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ရုံးတော်က ချမှတ်သည့်ဒီကရီကို အယူခံတရားလိုမှ အယူခံတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၅ ရက် (၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင် ဒီကရီကို တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် ချိန်းထားသည့်အချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၅ ရက်တွင် ဤရုံးတော် တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(လှိုင်ဟိန်းဇော်)
လက်ထောက်ညွှန်ကြားရေးမှူး
ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၈၄)၊ ဈေးအကွက်၊ ဦးပိုင်အမှတ်(၈၈/ခ)၊ ဧရိယာ ၀ ဒသမ ၀၁၉ဧက၊ ဦးပိုင်အမှတ်(၈၉/စ)၊ ဧရိယာ ၀ ဒသမ ၀၀၂ဧကရှိ ဒေါ်သင်းသင်း အမည်ဖြင့် မှတ်သားထားရှိသော မြို့မြေ(B)ကို ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ ငှက်ပျောတန်းလမ်း၊ အမှတ်(၂၅/က)နေ ဦးမြတ်မင်းထွန်း၊ ဦးမျိုးမင်းထွန်းတို့မှ ဘိုးဘပိုင်မြေ အမည်ပြောင်းလဲမှတ်သားပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်း ဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေအမိန့် ညွှန်ကြားချက်များ နှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ပုသိမ်မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုသိမ်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်တို့၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၅/သမိုင်း)၊ မြေကွက်အမှတ် (၄/က-၆ B )၊ မြေဧရိယာ ၀ ဒသမ ၁၁ဧက အကျယ်အဝန်းရှိ B မြေပိုင်မြေ လ/န-၃၉ (အိမ်ရာမြေသတ်မှတ်) အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးအောင်ကျော်ဝင်း ၁၂/လသန(နိုင်)၀၀၅၃၃၄ထံမှ ၃၀-၆-၂၀၂၅ရက်စွဲပါ မြေကွက်နှင့်အဆောက်အအုံ အပြီးအပိုင်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသူ ဒေါ်သီတာမြင့် (ဘ)ဦးကျော်မြင့် ၉/ပသက(နိုင်)၀၉၁၀၇၇၊ အခန်းအမှတ် (07)၊ ၂၇လွှာ၊ Diamond Innya Condo၊ ဦးထွန်းငြိမ်းလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင်နေထိုင်သူထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေနှင့်အဆောက်အအုံ အရောင်းအဝယ် ပြုလုပ်သည့်ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်း အဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL) | ဒေါ်ခင်မြတ်သူ (H.G.P,LL.B,D.M.L) |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၁၉၆) | တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅) |
| ဖုန်း-၀၉-၅၁၇၁၄၃၃ | ဖုန်း-၀၉-၂၅၄၄၈၈၃၃၀ |

အမှတ် (၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၂/ခ (ကံဘဲ့)၊ မြေကွက်အမှတ်-၆စ³(အမှတ်-6 F-1၊ ဇီဇဝါလမ်း၊ (၈)ရပ်ကွက်၊ ရန်ကင်းမြို့နယ်ဟု ခေါ်တွင်သော) အကျယ်အဝန်း - ၀ဒသမ၁၃၇ ဧကရှိ ဒေါ်ခင်သန်းနွဲ့ အမည်ပေါက် မြေပိုင်မြေအမျိုးအစားမြေနှင့် မြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ယင်းအမည်ပေါက်ပိုင်ရှင် ဒေါ်ခင်သန်းနွဲ့ ၁၂/ကမရ(နိုင်)၀၂၃၃၀၆ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူတို့က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါမြေနှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိပါကြောင်း ကန့်ကွက်လိုသူများရှိပါက ယနေ့ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားစာရွက်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်သည်အထိ လာရောက်ကန့်ကွက်မှုတစ်စုံတစ်ရာ ပေါ်ပေါက်ခြင်းမရှိပါက အရောင်းအဝယ် အလွှဲအပြောင်းကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးမျိုးမြင့်အောင် (စဉ်-၂၅၁၆၅) | ဦးအေးမင်းသူ(စဉ်-၂၆၁၉၉) |

အထက်တန်းရှေ့နေများ
အမှတ်-၅၈/၆၀ (ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း

ပျော်ဘွယ်မြို့နယ်၊ အနောက်လျှော်ဖြူကုန်းကျေးရွာနေ (ဘ)ဦးစိုးနိုင် ၉/ပဘန(နိုင်)၁၅၅၃၃၈-(အမိ)ဒေါ်ကြည်ဆန်း ၉/ပဘန(နိုင်)၁၇၃၈၃၃ တို့၏သားမောင်မျိုးလွင်ဦး ၉/ပဘန(နိုင်)၁၈၁၄၉၃ သည် မိဘဆွေမျိုးများ၏ပြောဆိုဆုံးမမှုကိုနာခံမှုမရှိဘဲ မိဘများအားအကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးနိုင်-ဒေါ်ကြည်ဆန်း**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့၊ အထက (မင်းလှ)၊ Grade-12မှ မဆုမြတ်မွန်၏ဖခင်အမည်မှန်မှာ ဦးနိုင်နိုင် ၇/မလန(နိုင်)၀၅၂၄၅၆ ဖြစ်ပါကြောင်း။

**ဦးနိုင်နိုင်**

## လူပုဂ္ဂိုလ်တစ်ဦးတည်းသာ ဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်နေ ကျွန်တော် ဦးဖြိုးမောင်မောင် ၉/မခန(နိုင်) ၂၆၃၅၈၇ ၏ဖခင် ဦးလွင်နှင့် ဦးမောင်လွင် ဟူ၍ အမည်(၂)မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ် တစ်ဦးတည်းသာ ဖြစ်ပါကြောင်း။

## အမည်မှန်

ဟုမ္မလင်းမြို့နယ်၊ အ.ထ.က နောင်ပင်ကျောင်းမှ မောင်မြင့်ထွန်း G-12 ၏ အမည်မှန်မှာ မောင်စိုင်းမြင့်ထွန်း ၅/ဟမလ(နိုင်)၁၈၈၂၉၆ ဖြစ်ပါကြောင်း။

## အမည်မှန်

ဟုမ္မလင်းမြို့နယ် အ.ထ.က နောင်ပင်ကျောင်းမှ မဇင်မာလွင် G-12 ၏ အမည်မှန်မှာ မနန်းဇင်မာလွင် ၅/ဟမလ(နိုင်)၁၈၈၅၉၉ ဖြစ်ပါကြောင်း။

## အမည်မှန်

ဟုမ္မလင်းမြို့နယ် အ.ထ.က နောင်ပင်ကျောင်းမှ မမေသက်စိုး G-12 ၏ အမည်မှန်မှာ မနန်းမေသက်စိုး ၅/ဟမလ(နိုင်)၁၈၈၅၉၅ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဝမ်းတွင်းမြို့၊ တမာကုန်းရွာ၊ ပညာ့အရိပ် ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12မှ မမိုးသုခ၏ ဖခင်အမည်မှန်မှာ ဦးလှိုင်ကျော်မင်း ၉/ခအဇ(နိုင်)၀၀၂၀၉၂ ဖြစ်ပါကြောင်း။

**ဦးလှိုင်ကျော်မင်း**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် AYY/23029 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9J/2081 HYUNDAI STAREX MINI BUS ယာဉ်လက်ဝယ်ရှိသူ ဦးအောင်လင်း နိုင်စိုး(ခ)ရဲနိုင် ၇/တငန(နိုင်)၀၈၆၇၈၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၈ယ/၈၆၀၃၆ Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြူဖြူဆွေက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (သာယာဝတီ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2H/4377 Honda Fit GE 6 Hatch Back ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်ဝဖြိုး ၆/သရခ(နိုင်)၁၀၁၇၄၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/12090 Honda Shadow 750 ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်စိုး ၁၃/တကန(နိုင်)၀၁၅၆၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မအူပင်)မအူပင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 15U/4224 Dongben 250 T/W ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းစိန် ၉/ညဥန(နိုင်)၁၅၅၇၈၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပခုက္ကူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/90530 New Zhineng 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးမိုးအိစံ ၈/ပခက(နိုင်)၂၈၅၉၈၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပခုက္ကူ)**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး(အနောက်)၊ ပေါက်ခေါင်းမြို့နယ်၊ အထက တောင်လည် Grade-12 မှ မဝိုင်းဆုဇော်၏ ဖခင်အမည်မှန်မှာ ဦးဝင်းဇော်ဖြစ်ပါကြောင်း။

**ဦးဝင်းဇော်**
**၇/ပခတ(နိုင်)၀၁၅၀၂၀**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁၃)ရပ်ကွက်၊ အကွက်အမှတ်(၅၂)၊ ရွှေဝတ်မှုံအကွက်၊ ဦးပိုင်အမှတ်(၂၇)၊ ဧရိယာ ၀ ဒသမ၀၈၅ဧကရှိမြေကို ဒေါ်ယုသက်ခိုင် အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) ချထားပေးပါရန် လျှောက်ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥသျှောင်မြို့သစ် (၈)ရပ်ကွက်၊ မြေတိုင်းအမှတ်(၂၃)၊ မြေကွက်အမှတ်(၇၇)၊ မြေဧရိယာ၀ ဒသမ ၁၈၄ ဧကရှိမြေအား ဦးကျော်ကျော်လွင်မှ မြေငှားဂရန် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဦးကျော်ကျော်လွင် မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**
**ပဲခူးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁၃)ရပ်ကွက်၊ အကွက်အမှတ်(၅၂)၊ စီးပွားဇုန်အကွက်၊ ဦးပိုင်အမှတ် (D-၁၀)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိမြေကို ဒေါ်သန်းသန်းအေး အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) ချထားပေးပါရန် လျှောက်ထားချက်များနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက် ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀) ကြည့်မြင်တိုင်မြို့နယ်တရားရုံးတော်၌ ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၇

ရောဝတီဘဏ်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်(၎င်း၏ကိုယ်စား ဘဏ်ခွဲတာဝန်ခံ ဒေါ်ခမ်းဖြူစိုး) နှင့် ၁။ ဦးဝေမိုးကိုကို ၂။ ဒေါ်နှင်းဦးဝေ

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မန်ကျီးတန်းတောင်/အနောက်ရပ်ကွက်၊ ဦးကြွယ်ဟိုးလမ်းနှင့် မဏိမေခလာလမ်းထောင့်၊ အမှတ် (၅/၇) နေ (၁) တရားပြိုင် ဦးဝေမိုးကိုကိုနှင့် (၂) တရားပြိုင် ဒေါ်နှင်းဦးဝေ(ယခုနေရပ်လိပ်စာမသိ) သူတို့သိစေရမည်။

သင့်အပေါ် တရားလို က ရောဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၊ ရန်ကုန်ဘဏ်ခွဲ-၂၁၊ ကြည့်မြင်တိုင်(၂)ဘဏ်ခွဲ ထံမှ ချေးယူထားသော (Credit Guarantee Insurance CGI အာမခံချေးငွေ) ချေးငွေအရင်း၊ အတိုးနှင့် ပျက်ကွက်ကြေးငွေကျပ် (၁၂၇၆၁၂၃၀.၀၄°-) (တစ်ရာနှစ်ဆယ့် ခုနှစ်သိန်းခြောက်သောင်းတစ်ထောင်နှစ်ရာသုံးဆယ်နှင့်လေးပြားတိတိ)ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်ပတ်သက်၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ ဖြစ်စေ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၅ ရက် (၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန်အတွက် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်ကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလို ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည် တို့ကိုသင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခန့်ကျော်လင်း)
တွံ့ဖက်မြို့နယ်တရားသူကြီး
ကြည့်မြင်တိုင်မြို့နယ်တရားရုံး

## ဦးရဲရင့်အောင် (၇/ကဝန(နိုင်)၁၂၁၉၉၆) က Myanmar New Hope Farms Co.Ltd သို့ တိရစ္ဆာန် အစာဖိုး ကြွေးကျန်ငွေ (၉၆၈၅၅၉၃၅ ကျပ် ၃၄ ပြား) ပေးချေရန် တောင်းဆိုသတိပေးကြေညာခြင်း

ကျွန်ုပ်အား လွှဲအပ်ညွှန်ကြားသော ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ညောင်အင်းကျေးရွာ၊ ပဲခူး-တိုက်ကြီး အဝေးပြေးလမ်းမကြီး၊ အမှတ်(၃၃)တွင် ဖွင့်လှစ်တည်ထောင်ထားသည့် Myanmar New Hope Farms Co.,Ltd ၏ ကိုယ်စားအောက်ပါအတိုင်း တောင်းဆိုသတိပေးကြေညာလိုက်ပါသည်-

ဦးရဲရင့်အောင်သည် Myanmar New Hope Farms Co.,Ltd ထံမှ တိရစ္ဆာန် အစာများကို ဝယ်ယူရာတွင် တိရစ္ဆာန်အစာဖိုးကြွေးကျန်ငွေ (၉၆၈၅၅၉၃၅ ကျပ် ၃၄ ပြား) ပေးချေရန် ကျန်ရှိနေပါသည်။ ထိုသို့ကျန်ရှိနေသော ငွေများနှင့် စပ်လျဉ်း၍ ဦးရဲရင့်အောင် Myanmar New Hope Farms Co.,Ltd သို့ ပြန်လည်ပေးဆပ် သွားမည်ဖြစ်ကြောင်း (ဦးရဲရင့်အောင် ကိုယ်တိုင်) ၁၆-၁၀-၂၀၂၂ ရက် ဝန်ခံကတိပြု လက်ဗွေနှိပ် လက်မှတ်ရေးထိုးပေးခဲ့ပါသည်။ ၂၂-၁၁-၂၀၂၂ရက်တွင် အစာဖိုး ကြွေးကျန်ငွေ (၃၀၀၀၀၀၀၀/-)(ကျပ်သိန်းသုံးဆယ်တိတိ) ပေးသွင်းလျက် အစာဖိုး ကြွေးကျန် (၉၆၈၅၅၉၃၅ကျပ် ၃၄ပြား) ပြန်လည်ပေးဆပ်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုခဲ့ပါသည်။ သို့သော် ထိုဝန်ခံကတိပြုချက်ပါ ကတိတာဝန်များကို ဦးရဲရင့်အောင်က ဖောက်ဖျက်ပျက်ကွက်နေသောကြောင့် Myanmar New Hope Farms Co.,Ltd က ရှေ့နေမှတစ်ဆင့် ဦးရဲရင့်အောင် နေထိုင်ရာလိပ်စာသို့ အကြောင်းကြားစာ (Notice) ပို့ရာတွင် အကြောင်းကြားစာမှာ အိမ်တံခါးပိတ်ထား လူမတွေ့ဟူသော မှတ်ချက်ဖြင့် အတည်မဖြစ်ခြင်း၊ ဦးရဲရင့်အောင်ဖုန်းသို့ ဆက်သွယ်ရာတွင် လက်ခံပြောဆိုမှု မရှိခြင်းတို့ ကြုံတွေ့ရသဖြင့် ယခုကဲ့သို့ သတင်းစာမှတစ်ဆင့် သတိပေးတောင်းဆိုလိုက်သည်။ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း အထက်ပါ တိရစ္ဆာန်အစာဖိုးကြွေးကျန်ငွေများကို ဦးရဲရင့်အောင်က Myanmar New Hope Farms Co.,Ltd သို့ မပျက်မကွက်တစ်လုံးတစ်ခဲတည်း ပေးဆပ်ရန်နှင့် ပျက်ကွက်ပါက ဦးရဲရင့်အောင်အပေါ် တည်ဆဲဥပဒေများနှင့်အညီ တရားမကြောင်း၊ ရာဇဝတ်ကြောင်းတို့ဖြင့် တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း သတိပေး ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်သိန်း [B.A, Law, LL.B]
တရားလွှတ်တော်ရှေ့နေ (စဉ်-၄၂၇၈)
အမှတ်(၁၉၅၀)၊ နန်းတော်ရာရပ်ကွက်၊ ပဲခူးမြို့

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2R/8407 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**

## ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ အလင်းရောင်(၄)လမ်း၊ အမှတ် (၅၁၄) ဟုခေါ်တွင်သော ၅ လွှာ ( ခြေရင်းခန်း ) ($12\frac{1}{2}$ x50)ပေရှိ တိုက်ခန်းနှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ တိုက်ခန်းကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူ ဒေါ်နီလာမြင့် ၁၂/တမန(နိုင်)၀၇၄၄၂၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သီရိဝေအောင် ၁၁/စတန(နိုင်)၁၁၀၀၀၇ က ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ စာချုပ်စာတမ်းမူရင်းများနှင့် တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမင်းဇော်ဟိန်း LL.B., LL.M. ( Commercial Law )
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၆၁၀/၇-၇-၂၀၂၅)
အမှတ် ၁၂၊ သိပ္ပံလမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၇၇၇၈၀၀၀၃၀

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

**သီရိမင်္ဂလာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဦးစီးပဓာန နာယက**

**ဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသ**

**သာသန ဓဇ သိရီပဝရ ဓမ္မာစရိယ**

**အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ**

**သက်တော်(၉၃)နှစ်၊ သိက္ခာတော်(၇၃)ဝါ**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သီရိလမ်း၊ မြို့နယ်ဩဝါဒစရိယ သံဃသမုတိရ သံဃကိုယ်စားလှယ်၊ သီရိမင်္ဂလာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက် ဦးစီးပဓာန နာယက မဟာထေရ် ဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသ သာသနဓဇသိရီပဝရ ဓမ္မာစရိယ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ သက်တော်(၉၃)နှစ် သိက္ခာတော်(၇၃)ဝါသည် (၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆုတ် ၄ ရက်) ၁၂-၈-၂၀၂၅ရက် (အင်္ဂါနေ့) နံနက် ၄:၅၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်တော်မူခဲ့သော ဥတုဇ ရုပ်ကလာပ်ကို (၁၃၈၇ခုနှစ်၊ ဝါခေါင်လဆုတ် ၈ရက်) ၁၆-၈-၂၀၂၅ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ကျောင်းတိုက်မှ ရေဝေးသုသာန်သို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိဈာပန ပူဇာသဘင်ဆင်ယင်ကျင်းပမည် ဖြစ်ကြောင်း တပည့်ဒါယကာ၊ ဒါယိကာမ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြား အပ်ပါသည်။

**သီရိမင်္ဂလာဘုန်းတော်ကြီးသင်ပညာရေးကျောင်း နာယကအဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေ အသက် (၇၅)နှစ်သည် ၇-၈-၂၀၂၅ရက် (ကြာသပတေးနေ့) နံနက် ၈နာရီ ၂၈ မိနစ်တွင် နေပြည်တော်အမှတ် (၂) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (ဒီ.ကေ.ဘီ.အေ)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ကြည်ကြည်ခိုင် B.E(Civil)1986**

**ဒုတိယအင်ဂျင်နီယာမှူးကြီး(ငြိမ်း)၊ ပုံထုတ်ခန့်မှန်း သုတေသနဦးစီးဌာန၊ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**

**အသက်(၆၂)နှစ်**

ဒေါက်တာဉာဏ်မြင့်ကျော် (ပါမောက္ခ၊ ရန်ကုန်နည်းပညာတက္ကသိုလ်)၏ ချစ်လှစွာသော ဇနီး ဒေါ်ကြည်ကြည်ခိုင် အသက် (၆၂)နှစ်သည် ၉-၈-၂၀၂၅ရက်တွင် ဘန်ကောက်မြို့၌ ကွယ်လွန် ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ နှင့် ဗဟိုကော်မတီဝင်များ**
**မြန်မာနိုင်ငံသံမဏိလုပ်ငန်းရှင်များအသင်း**
**MSIA–Myanmar Steel Industry Association**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 67W/15347 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/85338, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းသူနိုင် ၁၄/ပသန(နိုင်)၂၁၄၃၂၉က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၅ယ/၉၆၆၆၁ ယာဉ်လက်ဝယ်ရှိသူ ဦးချစ်မင်းကိုကို ၁၀/မလမ(နိုင်) ၁၉၅၄၅၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၇ယ/၁၈၄၉၀ ယာဉ်လက်ဝယ်ရှိသူ ဦးစိုးသိန်း ၁၀/မလမ(နိုင်)၂၃၁၂၈၀၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၁ယ/၅၉၃၀၂ ယာဉ်လက်ဝယ်ရှိသူ ဦးဇာနည်မင်းသူ ၁၀/မလမ(နိုင်) ၂၄၄၅၃၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ဝမ်းနည်းကြေကွဲခြင်း

**ယာယီသမ္မတ ဦးမြင့်ဆွေ**

**အသက်(၇၅)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက် (ကြာသပတေးနေ့) နံနက် ၈နာရီ ၂၈ မိနစ်တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သူရ ဦးမြင့်မောင်**
**ပြည်ထောင်စုဝန်ကြီး(ငြိမ်း)**
**ဇနီး ဒေါ်အေးအေးထွန်း**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ကျင်တိတ် (အထက-၃)သန်လျင်**

**အငြိမ်းစားဆရာမကြီး**

**အသက်(၈၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ အမှတ် ၂၃၊ မြို့မလမ်း၊ မြို့မမြောက်ရပ်ကွက်နေ (ဦးငုတ်ငါ-ဒေါ်ရွှေ)တို့၏သမီးကြီး၊ ဒေါ်စန်းရီ(ချစ်စုအထည်ဆိုင်၊ မြို့မဈေး)၊ ဦးခင်ဝင်း-ဒေါ်တင်စန်း၊ (ဦးဝမ်းစိန်)-ဒေါ်မြင့်မြင့်ခိုင် တို့၏အစ်မကြီး၊ တူ၊ တူမ ခုနစ်ယောက် တို့၏ ကြီးမေသည် ၁၁-၈-၂၀၂၅ရက်(တနင်္လာနေ့) ည ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၈-၂၀၂၅ ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် သန်လျင်မြို့ အမိုးနီသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအား ရည်စူး၍ ၁၇-၈-၂၀၂၅ရက် (တနင်္ဂနွေနေ့)တွင် အမှတ် ၂၃၊ မြို့မလမ်း၊ မြို့မမြောက်ရပ်ကွက်၊ ၊ သန်လျင်မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ကြို့ချောင်ကျေးရွာအုပ်စု၊ ရွာမကျေးရွာနေ ဦးရန်အောင် ၏သားမောင်ဘိုစိုးမင်း ၈/ တတက(နိုင်) ၂၇၄၉၇၁ ၏ နိုင်ငံကူးလက်မှတ်အမှတ် MF 564911 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-09 669 373 924**

## တစ်ဦးတည်းဖြစ်ကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၉)၊ နယ်မြေ (၄)နေ အဘ-ဦးကျော်အေး၊ အမိ - ဒေါ်ခင် တို့၏သမီး မနွဲ့နွဲ့စန်း (ခ)နွဲ့စန်းအေး (၁၃/လရန(နိုင်)၀၂၆၃၉၉) သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**နွဲ့နွဲ့စန်း(ခ)နွဲ့စန်းအေး**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အ.ထ.က (၆) လှိုင်သာယာ Grade- 10 မှ မောင်စအောင်ခန့်နှင့် Grade-9 မှ မယမင်းရွှေစင်တို့၏ ဖခင်အမည်မှန်မှာ ဦးလှမျိုးဦး (၁၄/ပတန(နိုင်)၂၇၇၄၂၉) ဖြစ်ပါကြောင်း။

**ဦးလှမျိုးဦး**

## တစ်ဦးတည်းဖြစ်ကြောင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အောင်မြင်ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12(A-2) တန်းမှ မောင်ဇော်ထက်အောင်၏ ဖခင် ဦးဝင်းလွင်နှင့် မင်းဝင်းခိုင် ၃/ကကရ(နိုင်)၁၂၅၅၁၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဝင်းလွင်(ခ)မင်းဝင်းခိုင်**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဈ/၃၄)၊ လူနေရပ်ကွက်အမှတ်(၁၀)၊ ပုသိမ်လမ်း၊ မြေကွက်အမှတ်(၁၂၈၈)၊ ဦးစိုးညွန့်အမည်ပေါက် မြေချပါမစ်၊ အကျယ် (၄၀ပေx၆၀ပေ)ရှိ အိမ်ခြံမြေနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း၊**

အထက်ဖော်ပြပါမြေကွက်အား မြေချပါမစ်အမည်ပေါက် ဦးစိုးညွန့်၏သားဖြစ်သူ ဦးဥက္ကာထွန်း (၁၂/စခန (နိုင်)၀၆၁၆၈၉)ထံမှကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးအောင်ကိုလင်း(၁၂/လသယ(နိုင်)၀၅၇၀၆၇) မှ ဝယ်ယူရန်အတွက် စရန်တစ်စိတ်တစ်ဒေသအားပေးချေထားပြီးဖြစ်ပါ၍ ယင်းအိမ်ခြံမြေနှင့် ပတ်သက်၍ ကန့်ကွက်လိုသူမည်သူမဆို ဤကြေညာပါ သည့်ရက်မှစ၍(၁၄) ရက်အတွင်း တိကျခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားစာရွက်စာတမ်း (မူရင်း)များနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အားပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကိုကိုထက်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၆၃၀၉)**
**အမှတ်(၃၉)မြောင်းမြလမ်း၊ ၁၈-ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉-၅၅၀၂၃၂၁/ ၀၉-၉၆၂၀၄၆၄၆၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည- ၄၉)၊ ဦးပိုင်အမှတ်(၄)၊ ဧရိယာ(၀.၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ဦးဇော်လင်း အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။ ဦးဇော်လင်း၏အထူးကိုယ်စားလှယ်စာရရှိသူ ဦးထွန်းနိုင်(ခ)ဦးဝင်းလှိုင်ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ထွေးထွေးစောက အရောင်း အဝယ်အရပ်ကတိစာချုပ် ချုပ်ဆိုခဲ့ပြီး လက်ရှိနေထိုင်ပိုင်ဆိုင်လျက်ရှိပါသည်။ အဆိုပါ အရောင်းအဝယ် ကတိစာချုပ်တွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား ချုပ်ဆိုလိုသည့်အချိန်တွင်ချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိပြုထားခဲ့၍ ဤကြော်ငြာသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ဆက်သွယ်ပါရန် အကြောင်းကြားအပ်ပါသည်။ လာရောက်ဆက်သွယ်ခြင်းမရှိပါကမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ပြုလုပ်ချုပ်ဆိုနိုင်ရန် ဥပဒေနှင့်အညီဆောင်ရွက်တော့မည်ဖြစ်ကြောင်း ဦးဇော်လင်း (၎င်း၏ အထူးကိုယ်စားလှယ်စာရရှိသူ ဦးထွန်းနိုင်(ခ)ဦးဝင်းလှိုင်) နှင့်တကွ အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်ချိုအောင် (LL.B ) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၇၃၄)**
**ဖုန်း-၀၉ - ၂၅၉၁၁၆၇၀၉၊ ၀၉-၂၅၀၂၃၂၃၈**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ကြည်ကြည်ခိုင်**

**ဒုတိယအင်ဂျင်နီယာမှူးကြီး-ငြိမ်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန**

**အသက်(၆၂)နှစ်**

ဒေါက်တာ ဉာဏ်မြင့်ကျော်၊ ပါမောက္ခ (မြို့ပြအင်ဂျင်နီယာဌာန)၊ ရန်ကုန်နည်းပညာတက္ကသိုလ်၏ ချစ်လှစွာသောဇနီး ဒေါ်ကြည်ကြည်ခိုင် ဒုတိယ အင်ဂျင်နီယာမှူးကြီး-ငြိမ်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အသက် (၆၂)နှစ်သည် ၉-၈-၂၀၂၅ရက် (စနေနေ့)တွင် ဘန်ကောက်မြို့၌ ဆေးကုသမှုခံယူနေစဉ် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အထပ်မြင့်နှင့်အများပြည်သူသုံးအဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းများကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့**

## ဒေါ်ဇာဇာရတနာသန်း

**မြို့မကျောင်းသားဟောင်း (M.Sc Physics)**

**အသက် (၅၀)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ရွာလယ်လမ်း Residence18 condo – No. 509 နေ (ဦးစိန်သန်း – လျှပ်စစ်မော်တာပြုပြင်ရောင်းဝယ်ရေး) – ဒေါ်ခင်လေးရီတို့၏သမီး၊ ဦးမင်းနောင် (အကောက်ခွန်ငြိမ်း)-ဒေါ်ခင်သီတာတို့၏သမီးချွေးမ၊ ဦးရဲထွဋ်နောင် (Singapore-Software Engineer) ၏ ဇနီး၊ မောင်ဟိန်းသန့်ထွဋ်နောင် (Grade-5-Stardom) ၏ မိခင်သည် ၁၁-၈-၂၀၂၅ရက်(တနင်္လာနေ့) ည ၉:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၈-၂၀၂၅ (ဗုဒ္ဓဟူးနေ့)ညနေ ၃ နာရီတွင် ရေဝေးသုသာန်တွင် သင်္ဂြိုဟ်ပါမည်။

**ကျန်ရစ်သူမိသားစု**

## ဖခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ ကျောက်တလုံးကြီးမြို့၊ မူလွန်(ပုံးပွန်း) Grade-2 မှ နန်းနွယ်နီဝင်း၏ ဖခင်အမည်မှန်မှာ ဦးသိန်းဝင်းဦး ၁၃/ညရန(နိုင်)၁၈၁၉၃၂ ဖြစ်ပါကြောင်း။

## အမည်မှန်၊ ဖခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ ကျောက်တလုံးကြီးမြို့၊ မူလွန်(ပုံးပွန်း)Grade-3မှ နန်းဗိုလ်ရောင်၏ အမည်မှန်မှာ နန်းနုလေးဖြစ်ပြီး ဖခင်အမည်မှန်မှာ ခွန်ကျော်ထွန်း ၁၃/ကတလ(နိုင်) ၀၀၇၉၉၃ ဖြစ်ပါကြောင်း။

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈ယ/၅၄၁၆၂ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၅)၊ ဓီဇဝါ (၂)လမ်း၊ မြေကွက်အမှတ် (၈၄၁/ခ)၊ အကျယ်အဝန်း (၂၀ပေ × ၆၀ပေ)ရှိ ဦးတင်ကြိုင် (CJ- ၀၂၄၈၂၈) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စန်းမြင့် (၁၄/ဘကလ (နိုင်) ၀၈၇၅၀၃) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်အေးအေးမူ** |
| **LL.B, D.B.L, D.I.L.,** | **LL.B, D.B.L., M.A. (Business Law)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၇၀၉)** |

**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၃၁၁ ၅၁၀၅**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကဥ္စဏမဟီရပ်ကွက်၊ အကွက်အမှတ် ၆၂၄၊ ဦးပိုင်အမှတ် ၁-ဃ/၇/၃၀x၃၁ လမ်းကြား၊ ၇၇x၇၈ လမ်းကြားရှိ ဦးစိန်ဦး(ခ)လီကြာရောက်၊ ဒေါ်ရွှေစိန်(ခ)ရန်ရှောကျင်၊ မောင်ရွှေထွန်းဦး(ခ)ရန်ဆွေတုံး တို့(၃)ဦး အမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးစိန်ဦး(ခ)လီကြာရောက်၊ မိခင် ဒေါ်ရွှေစိန်(ခ)ရန်ရှောကျင်တို့ ကွယ်လွန်၍ ကျန်ရစ်သူသားသမီးများဖြစ်ကြသော ဦးရွှေထွန်းဦး(ခ)ရန်ဆွေတုံး ၁/မညန(နိုင်) ၀၇၄၀၁၁၊ ဒေါ်ကျော့ ကျော့ခိုင်(ခ)ရန်စိုကြူး ၁/မညန(နိုင်)၀၇၄၀၁၂၊ ဒေါ်ခင်စန်းဝင်း(ခ) ရန်လီဖင့် ၁/မညန(နိုင်)၀၃၅၉၆၉၊ ဒေါ်ခင်စန်းမူ(ခ) ရန်စူလီ ၁/မညန(နိုင်)၀၃၅၉၆၈၊ ဒေါ်ခင် စန်းကြူ (ခ) ရန်ရှောက်မန်း ၁/မညန(နိုင်)၀၃၅၈၀၉၊ ဒေါ်ဝင်းဝင်းခိုင် ၁/မညန (နိုင်)၀၀၀၆၄၀တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီ ကရီများဖြင့်၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ် အနောက်ရပ်ကွက်၊ အကွက်အမှတ် (၃၀၄)၊ ဦးပိုင်အမှတ် (၆၅)၊ ၃၃x၃၄ ကြား၊ ၈၉x၉၀ လမ်းကြားရှိ ဦးအုန်းမောင်၊ ဒေါ်အုန်းကြည် အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံ စာချုပ်အမှတ် (၃၅၉၄/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဦးမြင့်ဆွေ ၉/ အမရ(နိုင်)၀၁၀၈၀၂၊ ဦးရဲမြင့် ၉/ မနတ(နိုင်)၀၂၆၉၁၉၊ ဒေါ်အေးအေးမြင့် ၉/မနတ(နိုင်)၀၁၈၉၆၆၊ ဦးသန်းဆွေ ၉/မနတ(နိုင်)၀၁၈၆၅၇၊ ဦးတင့်ဆွေ ၉/မနတ(နိုင်)၀၁၈၉၇၄၊ ဒေါ်အေးအေးသင်း ၉/မနတ(နိုင်)၀၉၇၅၇၄၊ ဦးနိုင်အောင် ၉/မနတ(နိုင်)၀၁၈၉၆၅ တို့၏ (SP ရရှိသူ ဦးအောင်ဇော်ဦး) က ဂရန်မူရင်း အသိမ်းလွန်၍ ပျောက်ဆုံးနေကြောင်း ရဲစခန်းနှင့် ရပ်ကွက်ထောက်ခံချက်၊ တရားရုံး ကျမ်းကျိန်ချက်များတင်ပြ၍ အမှုတွဲအမှတ် (၁၈၉၅/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း၊ ဂရန်ပျောက် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈ယ/၅၄၁၆၂, Honda Scoopy ယာဉ်လက်ဝယ်ရှိသူ ဒေါ်သိင်္ဂီစိုး ၉/မရတ(နိုင်)၁၁၃၅၈၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/14277, Yunde 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းတင့် ၉/မတရ(နိုင်)၀၉၂၂၆၈က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

❖ ဖြစ်ပေါ်လာနိုင်သည့် ကမ္ဘာလုံးဆိုင်ရာပြတ်တောက်မှု (Global Disruptions) များကြောင့် ဖြစ်လာနိုင်သည့် ဆုံးရှုံးမှုများကို လျှော့ချနိုင်ရန်အတွက် ဒေသဆိုင်ရာ စီးပွားရေးပေါင်းစပ်မှု ( Regional Economic Integration) များကို လုပ်ဆောင်ရန်လို . . .

❖ ဒေသတွင်းထုတ်လုပ်မှုကွင်းဆက် (Supply Chains) များကို အားကောင်းလာစေရန် ပူးပေါင်းပါဝင်ကြရမည်ဖြစ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများသုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု(ခ) ဆီမီးဖိုင်နယ်တက်ရေးအဆုံးအဖြတ်ပွဲ မြန်မာနှင့်ဖိလစ်ပိုင်၊ ဩစတြေးလျနှင့်တီမောယှဉ်ပြိုင်ကစားမည်

ရန်ကုန် ဩဂုတ် ၁၂

ဗီယက်နမ်နိုင်ငံ၌ ကျင်းပနေသည့် ၂၀၂၅ အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု(ခ) နောက်ဆုံးနေ့ကို ဩဂုတ် ၁၃ ရက် (ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်ပြီး နှစ်ပွဲစလုံး ဆီမီးဖိုင်နယ်တက်ရောက်ရေး အဆုံးအဖြတ်ပွဲများ ကစားရမည်ဖြစ်သည်။ အုပ်စုနောက်ဆုံးနေ့ကို မြန်မာစံတော်ချိန် ည ၇ နာရီတွင် တစ်ချိန်တည်း ကစားမည်ဖြစ်ပြီး မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်း၊ ဩစတြေးလျအသင်းနှင့် တီမောအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အုပ်စုပွဲ နှစ်ပွဲစီကစားအပြီးတွင် မြန်မာအသင်းက ခြောက်မှတ်ဖြင့် ဦးဆောင်နေပြီး ဩစတြေးလျအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့က သုံးမှတ်စီ၊ တီမောအသင်းက

စာမျက်နှာ ၁၅ ကော်လံ ၁ ❂



မြန်မာအမျိုးသမီးအသင်းအား တွေ့ရစဉ်။

## ယခုနှစ်အတွက် ချီးမြှင့်မည့် World MMA Awards ဆုနှစ်ခု၏ ပဏာမစာရင်းတွင် မြန်မာဖိုက်တာ ဂျိုရှုအာဗန် ပါဝင်


ရန်ကုန် ဩဂုတ် ၁၂

Fighter Only မဂ္ဂဇင်းက ရွေးချယ်သည့် (၁၇)ကြိမ်မြောက် World MMA Awards တွင် ထည့်သွင်းချီးမြှင့်မည့်ဆုများအနက် ဆုနှစ်ခု၏ ပဏာမစာရင်းတွင် မြန်မာဖိုက်တာ ဂျိုရှုအာဗန် ပါဝင်နေသည်။ ယခုနှစ် အနည်းငယ်အတွင်း UFC စင်မြင့်၌ နာမည်ရလာသည့် ဂျိုရှုအာဗန်သည် တစ်နှစ်တာ အကောင်းဆုံးဆုစာရင်း၏ ပဏာမစာရင်းတွင် ပါဝင်လာခြင်း ဖြစ်သည်။

ဂျိုရှုအာဗန်သည် Breakthrough Fighter Of The Year ဆုနှင့် Fight Of The Year ဆုများ၏ ပဏာမစာရင်းတွင် ပါဝင်လာခြင်းဖြစ်သည်။ ဇွန် ၂၈ ရက်က နောက်ဆုံးထိုးသတ်ခဲ့သည့် ဘရန်ဒန် ရွိုင်ဗယ်နှင့် UFC – 317 ပြိုင်ပွဲမှ ပွဲစဉ်သည်

စာမျက်နှာ ၁၅ ကော်လံ ၁ ❄

## ပြိုင်ဘက်ကို အနိုင်ယူပြီး စင်စင်နတီအိုးပင်း ၁၆ ဦးအဆင့်သို့ နာမည်ကြီးတင်းနစ်မယ် ရွိုင်ဘာကီနာ တက်လှမ်း



ဩဂုတ် ၁၂ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် စင်စင်နတီအိုးပင်းအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ၃၂ ဦးအဆင့်တွင် ကာဇက်စတန်တင်းနစ်မယ် အီလန်နာ ရွိုင်ဘာကီနာက ဘယ်လ်ဂျီယံတင်းနစ်မယ် အီလစ်မာတင်စ်ကို အကြိတ်အနယ်ကစားကာ ၄–၆၊ ၆–၃၊ ၇–၅ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

ရွိုင်ဘာကီနာ(ယာပုံ)သည် အဆိုပါပြိုင်ပွဲ ၆၄ ဦးအဆင့်တွင်လည်း ပြိုင်ဘက် အီတလီတင်းနစ်မယ် ရေနာတာဇာရာဇူအာကို အကြိတ်အနယ်ကစားခဲ့ရပြီး

စာမျက်နှာ ၈ ကော်လံ ၅ ❖

**ယနေ့ ဖတ်စရာ**

နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များနှင့် PDF အမည်ခံအဖွဲ့ဝင် ၁၀၄ ဦး လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

ပြည်တွင်းသတင်း စာ ၁၃



အေအိုင်အဆင့်မြင့်နည်းပညာဖြင့် မသန့်ရှင်းသောအစားအစာများကို ရှာဖွေဖော်ထုတ်ပြီး လူ့အသက်များကို ကယ်တင်နိုင်ကြောင်း ရှာဖွေတွေ့ရှိ

နိုင်ငံတကာသတင်း စာ ၁၄

တရားမဝင် စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

ပြည်တွင်းသတင်း စာ ၁၅

### လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၁၂

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတို့၌ ဩဂုတ် ၁၃ ရက်(ယနေ့) တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ မိုး/ဇလ